

ဒုက္ခနဲ့ တစ်ခါကြုံရတိုင်း
ချစ်သူရဲ့လက်ကို တစ်ခါကိုင်ပါရစေ...
ဟန်
(တောင်လုံးပြန်)
ချစ်သူလက်ဖြင့်
ဒုက္ခကိုဝယ်ယူခြင်း
ကံ့ကော်ဝတ်ရည်

mgyoe.com SAMPLE BOOK

ဟန်နီ
(တောင်ကြီး)

ချစ်သူလက်ဖြင့်
နကျွက်ကိုဝယ်ယူခြင်း

mgyoe.com

cover design: Thaw TheinGar - 7/2011

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | = | ၅၀၀၇၅၉၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | = | ၅၀၀၈၅၃၀၈၁၁ |
| ပထမအကြိမ် | = | ဩဂုတ်လ၊ ၂၀၁၁ ခုနှစ်။<br>ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ | = | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် | = | Sky ပုံနှိပ်တိုက်<br>အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | = | စွယ်တော်ပုံနှိပ်တိုက်<br>အမှတ် (၁၄၇)၊ (၅၁) လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | = | ဒေါ်ခင်မာချို၊ ပန်းဝေဝေစာပေ<br>အမှတ်-၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | = | သော်သိင်္ဂါ |
| တန်ဖိုး | = | ၂၂၀၀ ကျပ် |

၈၉၅.၈၃

မာန်(တောင်လုံးပြန်)

ချစ်သူလက်ဖြင့် ဒုက္ခကို ဝယ်ယူခြင်း / မာန်(တောင်လုံးပြန်)။ - ရန်ကုန်။
ပန်းဝေဝေစာပေ၊ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်။
စာမျက်နှာ-၂၄၆၊ ၁၃×၂၀ စင်တီမီတာ။
(၁) ချစ်သူလက်ဖြင့် ဒုက္ခကို ဝယ်ယူခြင်း


mgyoe.com

mgyoe.com SAMPLE BOOK

## ရှေးရှေးတုန်းက ပုံပြင်

ဟိုးရှေးရှေးတုန်းက သူဌေးကြီးတစ်ယောက်ဟာ သူ မကွယ်လွန်ခင်မှာ သူ့မှာ ရှိတဲ့ ပစ္စည်းဥစ္စာတွေကို သားနှစ်ယောက်ကို ခွဲဝေပေးဖို့အတွက် အစီအစဉ် တစ်ခုကို ချမှတ်လိုက်ပါတယ်။

အဲဒါကတော့ သူ့သားနှစ်ယောက်ဟာ မနက် မိုးလင်းတာနဲ့ ခရီးဝေး တစ်ခုကို သွားပြီး အဲဒီကနေ နေမွန်းတည့်ချိန်မှာ ရွာကို မြင်းကိုယ်စီ စီးပြီး ပြန်လာရပါမယ်။ ပြန်လာတဲ့အခါမှာ နောက်ကျမှ ပန်းဝင်တဲ့ မြင်းပိုင်ရှင်ကို အမွေပေးမယ်ဆိုတဲ့ အစီအစဉ်ပါပဲ။

ဒီတော့ ညီအစ်ကိုနှစ်ယောက်လည်း မြင်းကိုယ်စီ စီးပြီး ရွာက ထွက်လာခဲ့ကြတာပေါ့။ နေမွန်းတည့်ချိန်မှာ ရွာတစ်ရွာကို ရောက်ခဲ့ကြပါတယ်။ ခက်တာက အဲဒီကနေ ရွာကို ပြန်ရမယ့်ကိစ္စပဲလေ။ အရင်ဆုံး ပြန်ရောက်တဲ့ သူက ရှုံးမယ်လို့ ဆိုတာကိုး။ ဒါကြောင့် သူတို့နှစ်ဦးဟာ မြင်းတွေကို မစီးဘဲ ခြေကျင် ဆွဲပြီး လျှောက်လာကြရင်း အရိပ်ရတဲ့ သစ်ပင်တစ်ပင်မှာ ဝင်နားကြ ပါတယ်။ အဲဒီမှာ အဘိုးအိုကြီးတစ်ဦးလည်း ရှိနေပါတယ်။ သူတို့နှစ်ယောက် ဟာ အလွန်ပဲ စိတ်ပင်ပန်းနွမ်းနယ်နေတာကြောင့် စကားတောင် မဆိုနိုင်ကြပါ

mgyoe.com

ဘူး။ ဒါကို မြင်တော့ အဘိုးအိုက– "အမောင်တို့... ဒီလောက် နေကြီး ချစ်ချစ်တောက် ပူနေပါလျက် မြင်းကိုယ်စီကို ဆွဲပြီး ဘာကြောင့် လမ်းလျှောက် နေကြတာလဲ" လို့ မေးပါတော့တယ်။ ညီအစ်ကိုနှစ်ယောက်လည်း အဖေ့ အစီအစဉ်ကို ပြောပြရတာပေါ့။ ဒီစကားတွေကို ကြားပြီးတော့ အဘိုးအိုက– "အမောင်တို့... သင်တို့ ဖခင်ဟာ လွန်စွာ အမြော်အမြင်ကြီးပါပေတယ်၊ သင်တို့ ဘာမှ စိတ်သောကမဖြစ်ကြနဲ့တော့၊ သူ့အစီအစဉ်အတိုင်းဆိုရင် အရင် ဆုံး ရောက်တဲ့ မြင်းပိုင်ရှင်ဟာ အမွေတွေ ဆုံးရှုံးရမယ် ဆိုထားတယ်။ ဒီတော့ သင်တို့နှစ်ဦး မြင်းကိုယ်စီ လဲပြီး အပြေးနှင်ကြပေတော့"

အဘိုးအိုရဲ့ စကားကို ကြားလိုက်တော့ ညီအစ်ကိုနှစ်ဦးစလုံး မြင်း ကိုယ်စီ လဲပြီး ရွာဘက်ဆီကို အပြေးနှင်သွားကြပါတော့တယ်။

|◆|

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၈၆ ခုနှစ်။ ပုဂံမြို့။

မမျိုးနွယ်တစ်ယောက် အိမ်ရှေ့မှ သားဖြစ်သူ၏ အော်သံကြောင့် မီးဖိုပေါ်မှ ထမင်းအိုးကို မွှေနေရာမှ ခေါင်းထောင်၍ နားစွင့်နေမိသည်။ သားဖြစ်သူ ကျော်ကျော်က အော်သံ ထပ်ပေးပြန်သည်။

"ဖေဖေကြီး ပြန်လာပြီ၊ ဖေဖေကြီး ပြန်လာပြီ"

မမျိုးနွယ် ဇဝေဇဝါ ဖြစ်လာရင်း ထင်းမီးနှစ်ချောင်းကို ပြန်နုတ်၍ အိမ်ရှေ့ဆီသို့ လှမ်းကြည့်လိုက်မိပါသည်။ ရွာလမ်းမအတိုင်း မြင်းလှည်းတစ်စီး ဖုန်တသောသောကြားမှ မောင်းနှင်လာသည်ကို တွေ့ရပြန်သည်။ ကိုဋ္ဌေး မြင်းလှည်းဟု မသဲကွဲသေး။ သားကတော့ ဝမ်းသာအားရ ခြံဝမှ ထွက်၍ အော်နေဆဲပင်။

မမျိုးနွယ်က ကလေးကို တိတ်တိတ်နေဖို့ အသံပေးရင်း မြင်းလှည်းဆီသို့ ငေးကြည့်နေပြန်သည်။ နေ၏အရှိန်မှာ အခိုးထနေဆဲ။ ရွာလမ်းမ တစ်လျှောက်တွင် ဖုန်တို့ သောသောထနေသည်။ မြင်းလှည်းက အရှိန်ကောင်းကောင်းဖြင့် ဆက်၍ မောင်းလာတော့သည်။

"ဘာကြောင့် အစောကြီး ပြန်လာပါလိမ့်"

mgyoe.com

မမျိုးနွယ် တွေးရခက်နေမိသည်။ ကိုဌေးတစ်ယောက် ညနေမိုးချုပ်ချိန်မှာပင် တစ်ခါတစ်ရံ လူကြုံဖြင့် ထမင်းချိုင့်ပို့ရန် လှမ်းမှာတတ်သည်ကော။ အထူးသဖြင့် ယခုလို နွေဦးပေါက်ကာလတွင် ဧည့်သည် များတတ်သည့်အတွက် တစ်ခါတစ်ရံ ညကြီးနက်မှပင် မြင်းလှည်း သိမ်းလေ့ရှိစမြဲ။ ယခု ဘာကြောင့်နည်း။

ထို့နောက် မီးဖိုချောင်သို့ ပြေးကာ နှတ်ထားသည့် ထင်းမီးစကို ပြန်ထည့်ပြီး ထမင်းအိုး အဖုံးကို အုပ်၍ မှုတ်ပြောင်းဖြင့် မီးရှိန်ကို ပြန်မြှင့်လိုက်သည်။ မီးမှာ တစ်ခဏမျှ အူနေပြီးနောက် ကောက်ခါငင်ကာ မီးတောက်လာတော့သည်။

"မေမေကြီးရေ... ဖေဖေကြီး ပြန်လာပြီဗျို့"

"ဟဲ့... အော်မနေနဲ့ ငါ သိတယ်"

မမျိုးနွယ် ပြန်အော်လိုက်သည်။ မြင်းလှည်းသည် ခြံဝင်းထဲသို့ ရောက်လာခဲ့ပြီ။

"မျိုးရေ... ဧည့်သည် ပါတယ်ဟ"

"လာပြီ လာပြီ... ထမင်းအိုး ပွက်နေလို့တော့"

မမျိုးနွယ် အသံပြုရင်းပင် ထမင်းအိုးကို ငှဲ့ရန် ပြင်ဆင်ပါတော့သည်။ အိမ်ရှေ့ဆီမှ စကားပြောသံများကို ကြားနေရ၏။ ဘုရားရေ... ကိုဌေးတစ်ယောက် နိုင်ငံခြားသားများကို ခေါ်လာတာပါလား။ သူတို့ ပြောနေကြသည့် စကားသံများထဲတွင် ကြားနေရသည်က အင်္ဂလိပ် စကားသံများပင်။ မမျိုးနွယ် ချက်ချင်း အပြင်ထွက်၍ မဖြစ်။ ထမင်းအိုးက ငှဲ့လျက်စပြုနေပြီ။

"ခဏလေး ကိုရေ... ခဏလေး၊ ထမင်းအိုး ငှဲ့နေလို့"

သူ့အော်သံကို အိမ်ရှေ့ခန်းမှာ ဘာသာပြန်နေသည်ကို ကြားရပြီး မီးဖိုခန်းဆီသို့ ဝင်လာသော အသံများကို ကြားနေရတော့သည်။ ဘုရားရေ... ကိုဌေး ဘာတွေ လုပ်နေပါလိမ့်။

မမျိုးနွယ် အတွေးပင် မဆုံးသေး။ ကိုဌေးနှင့် ဧည့်သည် နှစ်ဦးတို့ မီးဖိုချောင် အပေါက်ဝသို့ ရောက်လာကြတော့သည်။ မမျိုးနွယ် ရယ်ပြမိသလိုလို၊ ပြုံးပြမိသလိုလိုဖြင့် ဘာလုပ်မိမှန်းပင် မသိတော့။

"ဟေး... မျိုး၊ မင်းကို ဓာတ်ပုံရိုက်ပါရစေတဲ့ကွ၊ ခဏလေးပါ"

mgyoe.com

mgyoe.com SAMPLE BOOK

"အိုတော်..."

"ဟ ဟ... မလှုပ်နဲ့လေ၊ ထမင်းအိုး ငုံ့နေတာကို ရိုက်ချင်တာကွ၊ မင်းကလည်းကွာ၊ ခဏလေးပါ"

"ဒုက္ခပါပဲတော်"

မမျိုးနွယ် အနေခက်လှတော့သည်။ ဧည့်သည် စုံတွဲက ကင်မရာ တပြင်ပြင် ဖြစ်နေပြီ။ သူတို့ကိုလည်း မကြည့်ရဲတော့။ ထမင်းအိုးကိုသာ ဆက်၍ ငုံ့နေမိတော့သည်။ ခဏအကြာမှာပင် သူတို့ထံမှ ကင်မရာသံများ တဖျပ်ဖျပ် ထွက်လာပါတော့သည်။ မမျိုးနွယ် စိတ်မဆိုးပါ။ နေရခက်နေခြင်းသာ ဖြစ်သည်။ ပုဂံဒေသသည်ကား ဧည့်နိုင်ငံသား မျိုးစုံတို့နှင့် ယဉ်ပါးနေရသည်မို့ ဓာတ်ပုံရိုက်ခံရခြင်းသည် မဆန်းပြား။ သို့ရာတွင် မီးဖိုချောင်ထဲ၌ လုံးပန်းနေရသောအဖြစ်ကိုမှ ဓာတ်ပုံ အရိုက်ခံရသည်ကိုတော့ ရှက်ရွံ့မိပါသည်။

သူတို့ကတော့ ဝမ်းသာနေကြသည်။ ကိုဌေးကို ကျေးဇူးတင်စကား တွေ ပြောပြီး အိမ်ရှေ့ဆီသို့ ထွက်သွားကြပြန်၏။ ကိုဌေးက မထွက်သွားမီ မှာတမ်းခြွေခဲ့ပြန်၏။

"မျိုးရေ... အညာပဲကြမ်းသုပ်လေး လုပ်ပေးပါကွာ၊ သူတို့က သုံးရက်စာ မြင်းလှည်းငှားထားတာကွ နော်... ဒီမှာ ညနေအထိ နေမှာ၊ ကို ဘီယာ သွားဝယ်ပေးပြီး ပြန်လာမယ်နော်"

"သဘော... သဘော"

မမျိုးနွယ် ခပ်ပျော်ပျော်ပင် တုံ့ပြန်မိပါသည်။ ကိုဌေးတို့ ရတနာပုံ ဆိုက်လေပြီကိုး။ မြင်းလှည်း သုံးရက် ငှားထားပြီဆိုကတည်းက အစွမ်းကုန် ဧည့်ဝတ်ကျေလေလေ၊ ဆုလာဘ်ရှင်လေလေ ဖြစ်တော့မည်။

မမျိုးနွယ် အိမ်ရှေ့သို့ ထွက်လာမိချိန်တွင် သားတော်မောင် ကျော်ကျော် ကို ဧည့်သည်စုံတွဲကြားတွင် တွေ့လိုက်ရပါသည်။ ဧည့်သည်စုံတွဲက သူ့ကို လက်ပြ၍ နှုတ်ဆက်ကြသည်။ အဖေတူသားက ကြားမှဝင်၍ ဧည့်ခံမိတ်ဆက် ပေးပါတော့သည်။ သား၏ အင်္ဂလိပ် စကားသံကို ဧည့်သည်စုံတွဲက အတော် ကြီး သဘောကျနေပြန်သည်။

ပြီးတော့ ကျော်ကျော်ကို အသက်အရွယ် မေးသည်။ အတန်းကျောင်း မေးသည်။ ကျော်ကျော်က သွက်လက်နေဆဲ။

mgyoe.com

မမျိုးနွယ် ပဲကြမ်းသုပ်နှင့် ရေနွေးအိုးကို ပြင်ပေးပြီး သူတို့ စကားဝိုင်းကို အကဲခတ်နေမိသည်။ ဧည့်သည်များကို အသက်အရွယ် ပမာဏ မခန့်မှန်းတတ်ချေ။ ဖြူဖြူထွားထွား၊ ဆံပင်နီနီများဖြင့် ရိုးကြီးဂေါင်ဂင်များမို့ အသက်ကြီးလှပြီဟု မဆိုနိုင်။ ငယ်သည်ဟုလည်း မခန့်မှန်းတတ်ချေ။

သူတို့ စကားကောင်းနေစဉ်မှာပင် ကိုဌေး ခြင်းတစ်လုံး ပွေ့၍ ပြန်ရောက်လာတော့သည်။

"ရော့… မျိုးရေ၊ ကြက်တစ်ကောင် တစ်ခါတည်း လုပ်ပေးလိုက်တယ်၊ ကြော်ကွာ… သူတို့ ညနေအထိ နေမှာကွ"

ကိုဌေးက ကြက်သေတစ်ကောင် ကမ်းပေးရင်း ဧည့်သည်များကိုလည်း ရှင်းပြနေပြန်သည်။

"သိပ်လတ်ဆတ်ပါတယ်ဗျာ၊ အခုပဲ ပိုင်ရှင်က သတ်ပေးလိုက်တာ၊ ဘာမှ အန္တရာယ် မရှိဘူး၊ ချက်ချင်း ကြော်ပေးမယ်၊ အိုကေ"

"မင်း တကယ့်ကောင်ပဲ၊ လုပ်သာလုပ်၊ ဟန်နီ… အဆင်ပြေတယ်နော်"

"အို… ကျွန်မ ကြောက်ကြောက်"

အမျိုးသမီးက ရင်အစုံကို လက်ဖြင့်ဖိ၍ ကြောက်သလိုဟန်လုပ်ပြနေရင်း ရယ်မောနေတော့သည်။ အမျိုးသားက–

"ဟေး… ဌေး၊ မင်းသားက တကယ်ထက်တဲ့ ကောင်ပါလား၊ ငါ သဘောကျတယ်ကွာ၊ ဒီကောင် ဘာဝါသနာပါလဲကွ"

"ကျွန်တော် ပြောရင် ခင်ဗျား ယုံမှာ မဟုတ်ဘူး"

"ဘာလဲကွ"

"အံ့ဖွယ်ပါလားရှင့်၊ ဘာများပါလိမ့်"

သူတို့နှစ်ဦးစလုံးက ကျော်ကျော့်ကို တစ်လှည့်၊ ကိုဌေးကို တစ်လှည့် ကြည့်နေကြသည်။

"ကျေးဇူးပြုပြီး မင်းတို့ ကင်မရာကို သူ့ရှေ့မှာ ဖြုတ်ပြလိုက်၊ ပြီးရင် မင်းတို့ ပြန်တပ်ခိုင်းကြည့်လေ"

"တကယ်…"

"မင်း သေချာလား ဌေး"

ထိုစုံတွဲက မယုံသဖြင့် မေးခွန်းထုတ်လေပြီ။ ထို့ပြင်–

mgyoe.com

mgyoe.com SAMPLE BOOK

"ဟော့ ငွေး… မင်းမိန်းမကို ခဏစောင့်ခိုင်း၊ ငါ ကြက်ခုတ်တာ ကြည့်ချင်လို့၊ ခဏလေး စောင့်ခိုင်းကွာ"

အမျိုးသမီးက တစ်ဆက်တည်း တောင်းဆိုနေပြန်သည်။ အမျိုးသားကတော့ လက်တွေ့သမားပီပီ ကျော်ကျော့် ရှေ့သို့ ကင်မရာကို ချပြပြီး–

"မင်း ကြည့်နေနော် သား၊ ငါ ဖြုတ်ပြမယ်၊ ကြည့်နော်"

ရှစ်နှစ်သားအရွယ် ကျော်ကျော်တစ်ယောက် ကင်မရာကို မျက်တောင်မခတ်တမ်း စူးစိုက်၍ ကြည့်နေတော့သည်။ ကင်မရာသည် တစ်ခဏတာအတွင်း မှန်ဘီလူးအဖုံး၊ မှန်ဘီလူး၊ မီးသီး၊ လက်ကိုင်ကြိုး၊ ဘတ္တရီတို့ တစ်စစီ တစ်စစီ ပြန့်ကျဲသွားတော့သည်။ ထို့ပြင် အမျိုးသားက ချထားသည့် ပစ္စည်းများကို ဟိုရွှေ့ သည်ရွှေ့ လုပ်လိုက်ပြန်သည်။ မျက်လှည့်ဆရာတစ်ဦး မျက်လှည့်ပြရန် လှည့်စားနေသကဲ့သို့ပင်။ ပြီးတော့မှ–

"ကဲ… သား၊ မင်း စ,လို့ရပြီ"

ကျော်ကျော်သည် သူ သိမ်းထားသည့် ကစားစရာ အရုပ်များကို နေသားတကျ ပြန်ထားသည့်နှယ် အလျင်အမြန်ပင် ကင်မရာပစ္စည်းများကို တပ်ဆင်ပါတော့သည်။

"အိုး… ဘုရားသခင်၊ အိုး"

"လုပ်ထား… လုပ်ထား၊ တော်လိုက်တဲ့ ချာတိတ်"

အိမ်ရှေ့ခန်းတစ်ခုလုံး ဆူညံလှိုက်ဝေနေတော့သည်။ ကျော်ကျော်၏ ကင်မရာ တပ်ဆင်ခြင်းပြပွဲသည် တစ်ခဏအတွင်း ပြီးဆုံးသွားလေပြီ။ ဧည့်သည် နှစ်ဦးစလုံး အံ့သြချီးမွမ်း၍ မဆုံးတော့ချေ။ ကိုငွေးက–

"ခင်ဗျားတို့ သိပြီလား၊ ဒီကောင့် ဝါသနာကို"

"ကျောင်းစာကော ဘယ်လိုလဲကွ"

"ဒါတော့ ကျွန်တော် တောင်းပန်တယ်၊ ဒီကောင် ကျောင်းစာမှာ အလကားပဲ၊ ကင်မရာမှာတော့ ဒီကောင် တကယ်ပါပဲ"

"ငါ သိပြီ ငွေး၊ ဒီကောင့် လမ်းကြောင်းကို ငါ သိပြီ၊ ဒီကောင် ကင်မရာသမားဖြစ်မယ့် ကောင်ပဲ"

"ဟုတ်တယ်ရှင့်၊ ကျွန်မတစ်သက်မှာ အံ့သြစရာ အကောင်းဆုံး ကလေးပဲ၊ ကင်မရာကို ဒီလောက် ကျွမ်းတာ တစ်ခါမှ မမြင်ဖူးဘူး"

mgyoe.com

SAMPLE BOOK


"ကျွန်တော် သူ့ကို ကျောင်းပိတ်ရက်တိုင်း မြင်းလှည်းနဲ့ ခေါ်သွားနေကြပါ၊ နိုင်ငံခြားသားတွေ မြင်းလှည်းငှားရင် သူ မုန့်ဖိုးမတောင်းဘူး၊ ကင်မရာလေး ကိုင်ကြည့်ပါရစေလို့ တောင်းတာ လေးနှစ်သားကတည်းကပဲ"

ကိုဌေး စကားကြောင့် ညော့်သည်နှစ်ဦး ပြိုင်တူ ပြောလာကြသည်ကား-

"အိုး မိုင်ဂေါ့"

|◆|

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၈၆ ခုနှစ်။ ရန်ကုန်မြို့။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မီးရထားဝန်ထမ်းအိမ်ရာ တန်းလျားရှေ့မှ မြေကွက်လပ်ပေါ်တွင် ကလေးငယ်တစ်သိုက် နွေကျောင်းပိတ်စမို့ ဆူညံစွာ ဆော့ကစားနေကြသည်။ ကလေးငယ်များ၏ အပူအပင်ကင်းသော လွတ်လပ်ပျော်ရွှင်မှုကြောင့် ကစားကွင်း တစ်ခုလုံး ဖုန်တသောသော၊ ချွေးတလုံးလုံး၊ အသံမျိုးစုံတို့ ပျံ့နှံ့ရိုက်ခတ်နေတော့သည်။

ထိုကွင်းပြင်နှင့် မလှမ်းမကမ်းရှိ အိမ်ခန်းလေးတစ်ခုအတွင်း၌ ထိုသို့မဟုတ်။ ရှစ်နှစ်အရွယ် ကလေးမတစ်ဦးသည် ရှေ့တွင် ချထားသည့် ဗလာစာအုပ်ကို တစ်လှည့်၊ ကုလားထိုင်ပေါ်တွင် စတုတ္ထတန်း သင်္ချာဖတ်စာအုပ်ကို ကိုင်၍ နှုတ်မှ တိုင်ပေးရန် ပြင်ဆင်နေသည့် ဖခင်ဖြစ်သူကို တစ်လှည့် ကြည့်ရင်း တစ်ချက် တစ်ချက် သူ့အာရုံများက ကစားကွင်းဆီသို့ ရောက်သွားပြန်သည်။

"ကဲ... သမီး လိုက်ရေးတော့၊ ဖေဖေ မေးပြီနော်"

ထိုအသံကို ကြားလိုက်သည်နှင့် ကလေးမလေး ခါးကို ကိုင်း၍ ကြမ်းပြင်ပေါ်မှ ဗလာစာအုပ်ကို အသင့်ပြင်ထားသည်။

mgyoe.com

"(က) ၃၅၆၀၄ ထဲကနေ ၁၃၂၅၁ ကို နုတ်၊ (ခ) ၄၇၀၈၉ ကနေ ၁၂၇၂၆ ကို နုတ်၊ (ဂ) ၆၅၄၃၇ ကနေ ၃၇၀၂၄ ကို နုတ်"

မသိန်းမေသည် လက်ဖက်သုပ် ပန်းကန်ကို ကိုင်ရင်း အိမ်ရှေ့ခန်းသို့ လှမ်းဝင်လာပြီး ခင်ပွန်းဖြစ်သူအတွက် စားပွဲပေါ်သို့ တင်ပေးလိုက်ရင်း တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည်။

"ကိုးနာရီခွဲနေပြီ မောင်၊ ဆယ့်တစ်နာရီအရောက်ဆို"

ခင်ပွန်းဖြစ်သူ ကိုမြင့်မောင်က နှုတ်တုံ့မပြန်ချေ။

"မေးခွန်း (၂) ဆက်ပြောမယ်၊ (က) ၄၈၃၂၇ ကနေ ၂၅၁၅၉ ကို နုတ်၊ (ခ) ၅၅၃၄၆ ကနေ ၂၁၇၆၄ ကို နုတ်၊ (ဂ) ၅၆၀၂၈ ကနေ ၃၉၇၀၆ ကို နုတ်"

မသိန်းမေတစ်ယောက် သမီးဖြစ်သူကို ငုံ့ကြည့်လိုက်သည်။ သမီးက သူ့ရေးလက်စ တွက်လက်စများကိုသာ အာရုံစိုက်နေတော့သည်။

"ဒါတွေပြီးရင် ၁၆ အလီရအောင် ကျက်ထား၊ ကြားလား"

ဖခင်ဖြစ်သူ၏ စကားကို ခေါင်းညိတ်ပြလိုက်သည်။ ကလေးတစ်သိုက်ထံမှ ဟေးခနဲ အော်သံ ထွက်လာသည်ကို ကိုမြင့်မောင် ဒေါသတကြီး ကြိမ်းမောင်းရေရွတ်လိုက်ပြန်သည်။ ထိုရေရွတ်သံကြောင့် ကလေးမလေးခမျာ ခေါင်းကို မဖော်ဝံ့တော့ချေ။ တွက်စရာ သင်္ချာများကိုသာ အာရုံစိုက်၍ တွက်နေရတော့သည်။ အမှားခံ၍ မဖြစ်။ တစ်ပုဒ် မှားလျှင် သုံးပုဒ် တိုး၍ လေ့ကျင့်ရသည့် ပြစ်ဒဏ်ပေမို့ မမှားဝံ့ချေ။ သင်္ချာမှ မဟုတ်။ ကျက်စာနှင့် အင်္ဂလိပ်စာမှာလည်း ထို့အတူပင်။ သူ့အတွက် ဖခင်၏ စည်းစနစ်၊ အမိန့်အာဏာသည်သာ အဓိကပင်။ သူ မူကြိုအရွယ်ကတည်းက ဖခင် ချမှတ်ပေးသည့် စည်းမျဉ်းစည်းကမ်း မှန်သမျှ တစ်ဆံခြည် မရွေ့အောင် လိုက်နာခဲ့ရသည်။ ယခု တတိယတန်း ပြေပြီးစမှာပင် စတုတ္ထတန်းစာများကို လေ့ကျင့်နေရပြီ။ သူ့မှာ ကျူရှင်မရှိ။ ဖခင်သည်သာ ကျူရှင်ဆရာ တစ်ပိုင်း၊ စည်းကမ်း ချမှတ်သူ တစ်ပိုင်း ဖြစ်နေသည်။ သူ ဘာမှ စောဒကမတက်ခဲ့ချေ။

"ပြီးပြီလားဟေ့"

"ဟုတ်"

သူက တွက်ချက်ပြီးသော သင်္ချာပုစ္ဆာများကို ပြလိုက်သည်။ ဖခင်ဖြစ်သူက စစ်ဆေးကြည့်ရှုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"သောက်… ဒီ ၅ ဂဏန်းကို ဒီလောက် သေးရလား၊ ငါ ထလုပ်မိတော့မယ်၊ ပြန်ရေးစမ်း"

သူ ကပျာကယာ ထ၍ စာအုပ်ကို ပြန်ယူပြီး ခဲဖျက်ဖြင့် ဖျက်ရသည်။ ၅ ဂဏန်းတစ်လုံးကို ပြန်ရေးပြရသည်။

"၁၆ အလီ ရအောင် ကျက်ထားနော်၊ ညကျရင် မေးမယ်"

ကိုမြင့်မောင် ကုလားထိုင်မှ ထရင်း ရေချိုးရန် ပြင်ဆင်ပါတော့သည်။ ကလေးမလေးက အလီစာအုပ်ကို ထုတ်၍ ၁၆ အလီကို စတင်ကျက်မှတ်ပါတော့သည်။ သူ့အသံသည် ကစားကွင်းဆီသို့ ပျံ့လွင့်နေသော်ငြား သူ့အသံကို အဘယ်သို့သော ကလေးငယ်မှ ဂရုမပြုမိချေ။ ကလေးငယ်များ၏ ဆူညံအော်သံ ဆော့ကစားသံများကသာ သူ့အလီကျက်သံကို လွှမ်းပစ်ပြီး သူ့အိမ်ခန်းဆီသို့ နယ်ချဲ့ကာ ရောက်ရှိလာပြန်သည်။

ကိုမြင့်မောင်တစ်ယောက် ဂျူတီဝင်ရန် ထွက်ခွာသွားလေပြီ။ သူ့ဂျူတီမှာ မနက် ဆယ့်တစ်နာရီမှ ည ၇ နာရီအထိ မြို့ပတ်ရထား မောင်းနှင်ရမည့် စက်ဗိုလ်တာဝန် ဖြစ်သည်။

ကိုမြင့်မောင် ထွက်ခွာသွားပြီးချိန်တွင် မသိန်းမေတစ်ယောက် သမီးနားကို ကပ်ကာ–

"ကဲ… နားလိုက်ဦး နွေးနွေး၊ သမီး ဆော့ချင်ရင် သွားဆော့လေ၊ ပြီးမှ ပြန်ကျက်ချေ နော်"

ကလေးမကလေးက နှုတ်တုံ့မပြန်။ ခေါင်းကိုသာ ခါပြ၍ ၁၆ အလီကို ဆက်၍ ရွတ်ဆို ကျက်မှတ်နေတော့သည်။

"နားလိုက်ပါ သမီးရယ်၊ သမီး မနက်အစောကြီးကတည်းက စာတွေကျက်နေတာ၊ တော်တော့နော်၊ နားလိုက်ဦး"

"ဆယ့်ခြောက် တစ်လီ ဆယ့်ခြောက်၊ ဆယ့်ခြောက် နှစ်လီ သုံးဆယ့်နှစ်၊ ဆယ့်ခြောက် သုံးလီ လေးဆယ့်ရှစ်၊ ဆယ့်ခြောက်လေးလီ ခြောက်ဆယ့်လေး၊ ဆယ့်ခြောက်…"

နွေးနွေးက ခေါင်းခါရင်း ဆက်၍ ဆက်၍ ကျက်ဆိုနေမြဲပင်။ မသိန်းမေသည် သမီးအဖြစ်ကို ကြည့်၍ သက်ပြင်းမောကို ချလိုက်မိပါတော့သည်။ ကိုမြင့်မောင်ကြောင့်တော့ ခက်လှသည်တကား။

◆

mgyoe.com

m.gyoe.com SAMPLE BOOK

၁၉၈၆ ခုနှစ်။ သုံးခွမြို့။

ဈေးရှေ့ ကားဂိတ်အနီးတွင် ကလေးငယ်တစ်သိုက် စုပြုံတိုးဝှေ့နေကြသည်။ အရုပ်ဆိုင်ရှင် ဦးလေးကြီးက ခင်းကျင်းထားသော ကလေးကစားစရာ အရုပ်မျိုးစုံတွင် နံပါတ်များ လိုက်လံတပ်ဆင်နေသည်။ ထိုနံပါတ်များတွင် ရေးသားထားသည်မှာ တစ်ကွင်း၊ နှစ်ကွင်း၊ သုံးကွင်း… ဟူသော စာသားများ ဖြစ်သည်။

လူရွယ်တစ်ဦးက စုဝေးရောက်ရှိလာသည့် ကလေးငယ်များဘက်သို့ ကြည့်ကာ စတင်ကြေညာပါတော့သည်။

"လာနော် လာနော်… သားရေကွင်း ဆယ်ကွင်းကို တစ်ကျပ်၊ တစ်ကွင်း ဝင်ရင် အရုပ်သေး တစ်ရုပ်၊ နှစ်ကွင်း ဝင်ရင် အရုပ်ကြီးတစ်ရုပ်၊ သုံးကွင်း ဝင်ရင် ရောမ ဓိုးကွက်ရုပ်ကြီး ပေးမှာနော်၊ လာနော် လာနော်… လိုချင်ရင် လက်မနှေးနဲ့၊ ကလေး ပစ်ပစ်၊ လူကြီး ပစ်ပစ် တစ်ကျပ်ဖိုး ဆယ်ကွင်း၊ ဒီကနေ့ နောက်ဆုံးနေ့နော် လာထား"

ကလေးများက သားရေကွင်း ပစ်တင်ရမည့် ခပ်စောင်းစောင်း ပျဉ်ပြားကို လှမ်းကြည့်နေကြသည်။ ပျဉ်ပြားပေါ်တွင် သံငုတ်များ စိုက်ထား

m.gyoe.com

mgyoe.com SAMPLE BOOK

သည်။ လေးပေ၊ သုံးပေ ပျဉ်ပြား ဖြစ်ပြီး သံငုတ်များမှာ သားရေကွင်း ချိတ်မိစေနိုင်သော ငုတ်တိုများ ဖြစ်သည်။ ကလေးတချို့လည်း ပါလာသော မုန့်ဖိုးများကို စုဍ် သားရေကွင်းပစ်ရန် ပြင်ဆင်နေကြပြီ။

ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် ခြောက်နှစ်အရွယ် ကလေးမတစ်ဦးတို့ ဈေးအတွင်းမှ ပြေးထွက်လာကြပြီး ထိုနေရာသို့ တိုးဝှေ့လာကြသည်။ ကောင်လေးက-

"ညီမလေး… ကိုကို ဝင်ပစ်မယ်၊ ညီမလေးကို အရုပ်ပေးမယ်လေ၊ မေမေ့ကို ပြန်မတိုင်နဲ့နော်"

"ဟာ… ကိုကိုကလည်း၊ မနေ့ကလည်း နှစ်ကျပ်တောင် ရှုံးပြီးပြီ၊ မပစ်ပါနဲ့တော့"

"ဒီတစ်ခါ နိုင်မှာ ညီမလေးရဲ့၊ ကိုကို ဓီးကွက်ရုပ်ကြီး လိုချင်လို့ပါနော်"

ကောင်လေးက ပြောပြောဆိုဆိုဖြင့် ဘောင်းဘီအိတ်ထဲမှ အကြွေများကို ထုတ်လိုက်သည်။ မတ်စေ့ သုံးစေ့ ဖြစ်သည်။

"ဦးရီး… သုံးမတ်ဖိုး ပေး၊ တစ်ကွင်း ပိုပေးနော်၊ သား အရုပ်အကြီးဆုံး ရအောင် ပစ်ချင်လို့"

အရုပ်ဆိုင်ရှင် ဦးလေးကြီးက ကောင်လေး ကမ်းပေးသည့် ငွေသုံးမတ်ကို လှမ်းယူပြီး လူရွယ်ပြီး မေးငေါ့ပြလိုက်သည်။ လူရွယ်က-

"သြော်… မင်း မနေ့က ရှုံးတာ မမှတ်သေးဘူးကိုး၊ ရော့… ရှစ်ကွင်းယူ၊ ဝင်အောင်လည်း ပစ်နော်၊ ဟေး ဟေး"

"ကိုးကွင်း ပေးပါဗျ"

"ဟ… မရဘူး၊ ရှစ်ကွင်းပဲ"

"လုပ်ပါဗျာ၊ တစ်ကွင်း ပိုပေးပါ"

"ပေးလိုက်စမ်းပါကွာ၊ မင်းက အရုပ်ကြီးပဲ ယူမှာလား"

"ဟုတ်တယ် ဦးရီး၊ သား သုံးကွင်း ဝင်ရင် နှစ်ကောင် ပေးရမှာနော်၊ သုံးကွင်း မဝင်ရင် လုံးဝမယူဘူး"

"ဟား ဟား… မနေ့က နှစ်ကျပ်ဖိုး ပစ်တာတောင် မရတဲ့ကောင် ကများကွာ၊ ကဲ ယူစမ်း ကိုးကွင်း… ပစ်ကွာ"

mgyoe.com

mgyoe.com SAMPLE BOOK


ကောင်လေးနှင့် အရုပ်ဆိုင်ရှင် ဦးလေးကြီးတို့ သဘောတူညီမှု ရသွားကြလေပြီ။ ကောင်လေး တောင်းဆိုမှုက ဆန်းလှသည်။ တစ်ကွင်း၊ နှစ်ကွင်း ဝင်သည်နှင့် အရုပ်သေးများကို မလို။ သုံးကွင်း ဝင်လျှင်သာ အရုပ်ကြီးနှစ်ရုပ် ပေးပါ ဆိုလာသည်။ လုပ်သက်ရင့်လှပြီ ဖြစ်သော ဆိုင်ရှင်ကြီးက ဒါမျိုး ဖောက်သည်ကို လက်မလွှတ်ဝံ့ချေ။ ကောင်လေး လာရောက် ဆော့ကစားနေသည်မှာ လေးရက် တိုင်ခဲ့ပြီ။ ဆယ်ကွင်း ပစ်လျှင် နှစ်ကွင်းပင် ဝင်ချင်မှ ဝင်သည်။ ထို့ကြောင့် အရုပ်တစ်ရုပ်မှ ပေးဖို့မလို။ ပိုက်ဆံသာ တစ်ကျပ်ပြီး တစ်ကျပ် အမြတ်ထွက်ခဲ့လေပြီ။

ကောင်လေးက သားရေကွင်း ကိုးကွင်းကို လက်တစ်ဖက်မှာ ကိုင်ရင်း ဘုရားတ,လိုက်ပြန်သည်။ မျက်လုံးကို စုံမှိတ်၍ ဘုရားစာ ရွတ်ဆိုနေခြင်းပင်။ ကျန်ကလေးများကလည်း သူ့ကို အားပေးအကြည့်ဖြင့် ကြည့်နေကြ၏။

"ဇော်မင်း ပစ်ကွ၊ နိုင်အောင်ပစ်"

အားပေးသံ တစ်သံ ထွက်လာသည်။

"ကိုကို ပစ်နော်၊ နိုင်အောင်ပစ်"

ညီမဖြစ်သူကလည်း အော်သံ ပေးလာသည်။

ကောင်လေးက ပထမဆုံး သားရေကွင်းကို ပျဉ်ပြားဆီသို့ လှမ်းပစ်လိုက်သည်။ သားရေကွင်းမှာ သံငုတ်တစ်ခု၌ ဝင်စွပ်မိပြီးခါမှ ပြန်၍ခုန်ထွက်သွားတော့သည်။ ကောင်လေးက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပြီး ဒုတိယကွင်းကို ပစ်လိုက်သည်။ သားရေကွင်းမှာ ပျဉ်ပြားဆီသို့ မရောက်မီ သံငုတ်နှင့် ထိ၍ ပြုတ်ကျသွား၏။ ကောင်လေး ရှေ့သို့ အနည်းငယ်တိုးလိုက်ပြီး သားရေကွင်း သုံးကွင်းကို ကိုင်၍ ချိန်ရွယ်ပြီး ပျဉ်ပြားဆီသို့ ပစ်တင်လိုက်သည်။ မဆိုး။ သားရေကွင်း တစ်ကွင်းမှာ ချိတ်လျက်သား ဖြစ်သွား၏။ လက်ခုပ်သံများ ဟေးခနဲ ပေါ်လာသည်။ ကောင်လေးက နောက်ထပ် သားရေကွင်း နှစ်ကွင်းကို ချိန်ဆ၍ ပြိုင်တူ ပစ်တင်လိုက်သည်။ သားရေကွင်းများမှာ မချိတ်မိချေ။ ဆိုင်ရှင် ဦးလေးကြီးနှင့် လူရွယ်တို့ ပြုံးနေကြသည်။

ကောင်လေးက လက်ထဲမှ သားရေကွင်း တစ်ကွင်းကို လှမ်းပစ်လိုက်ပြန်သည်။ သားရေကွင်းမှာ ပျဉ်ပြား ထိပ်ပိုင်းဆီသို့ ထိမှန်ပြီး အောက်သို့ ပြုတ်ကျလာသည်။ သို့ရာတွင် အောက်ဆုံးမှ သံငုတ်တွင် သွားရောက်ချိတ်မိနေတော့သည်။ အားပေးသံများ ဆူညံသွားကြသည်။ ကောင်လေး လက်ထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK

သားရေကွင်း တစ်ကွင်းသာ ကျန်ပါတော့သည်။ ဆိုင်ရှင် ဦးလေးကြီးတို့ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေကြသည်။ ကောင်လေးက သားရေကွင်းကို မပစ်သေး။

လက်နှစ်ဖက်မှ ချွေးများကို ဘောင်းဘီနှင့် ပွတ်သပ်၍ သုတ်လိုက်ပြီး စဉ်းစားနေသည်။ သူ့ညီမလေးကို ကြည့်လိုက်ပြီး အသာလေး ကပ်သွားတော့သည်။

"ညီမလေး… ကိုကို့ကို ပိုက်ဆံတစ်မတ် ချေးကွာ၊ ကိုကို အရုပ်ကြီး ရအောင် ပစ်ပေးမယ်လေ နော်"

ကလေးမလေးက ဘဝင်မကျသဖြင့် နှုတ်ခမ်းစူနေသည်။

"နော်… ညီမလေး၊ ကိုကို တကယ်ရအောင် ပစ်ပေးမယ်နော်"

ကောင်လေးက ထပ်ခါထပ်ခါ တောင်းဆိုနေသဖြင့် ကလေးမလေးက သူ့လက်ထဲမှ မတ်စေ့တစ်စေ့ကို ကမ်းပေးလိုက်သည်။ ကောင်လေးက ပိုက်ဆံကို ယူပြီး ဦးလေးကြီးကို သွားပေးလိုက်ပါသည်။

"ဘာလဲကွ"

"သားကို သားရေကွင်း ထပ်ပေး၊ တစ်ကျပ်ဖိုး ပြည့်အောင်ပေး"

"ဟာ… မင်း ဘယ်ရမလဲ၊ ကိုးကွင်းနဲ့ ရအောင် ပစ်လေကွာ"

"ဦးရီးကလည်း ဘာဆိုင်လို့လဲ၊ တစ်ကျပ်ဖိုး ပိုက်ဆံ ဖြည့်ပေးတာပဲ၊ သားရေကွင်း ထပ်ပေးရမှာပေါ့"

"ဟုတ်တယ်၊ ပေးလိုက် ပေးလိုက်"

ကလေးများက ဝိုင်း၍ ဩသံပေးလာကြသည်။

"မင်း ညစ်ပတ်တာပဲ၊ ဒါဆို တစ်ကွင်းပဲ ထပ်ရမယ် ဒါပဲ၊ ကျေနပ်ရင် ပစ်"

"နှစ်ကွင်းတော့ ပေးပါဗျာ"

"ဟေ့ကောင်… မင်းကို ကိုးကွင်းပေးပြီးပြီ၊ တစ်ကွင်းပဲ ထပ်ပေးမယ်၊ ရော့"

သူတို့ ညှိနှိုင်းမှုကြီး အပြီး၌ ကောင်လေးက နေရာယူလိုက်သည်။ ပြီးတော့…

"တိုင်မှာ ချိတ်ထားတဲ့ ကွင်းတွေ ပြုတ်ကျရင်လည်း ပေးရမှာနော်"

"အောင်မယ်… မင်းပဲ နောက်ထပ် ဝင်အောင် ပစ်စမ်းပါ"

mgyoe.com

"ပစ်မယ်ဗျာ"

ကောင်လေးက စောစောကလိုပင် ခြေထောက်ကို တစ်လှမ်းကွာကွာ ရှေ့နောက် လှမ်းပြီး ပျဉ်ပြားဆီသို့ ချိန်ရွယ်နေပြန်သည်။ ထို့နောက် သားရေကွင်း တစ်ကွင်းကို လှမ်းပစ်တင်လိုက်၏။ ထိုသားရေကွင်းမှာ ပျဉ်ပြားနှင့် ထိပြီး ဘေးဘက်သို့ လည်ထွက်သွားသည်။ ကောင်လေးက အချိန်မဆိုင်းတော့ဘဲ လက်ကျန်သားရေကွင်းကို ပျဉ်ပြားအပေါ်ဘက်သို့ ပစ်တင်လိုက်တော့သည်။ သားရေကွင်းမှာ သံငုတ်ထဲသို့ တိုးဝင်သွားပြီး ချိတ်မိနေတော့သည်။ ဆိုင်ရှင် ဦးလေးကြီးသည် အငေးသား ကြည့်နေရှာ၏။ ကလေးငယ်များ၏ အော်ဟစ်သံသည် ကားဂိတ်တစ်ခုလုံးကိုသာမက ဈေးအတွင်းသို့ပါ ထိုးဖောက်ဝင်ရောက် သွားပါတော့သည်။

◆

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၀၃ ခုနှစ်။ ရန်ကုန်မြို့။

“ဘာတဲ့လဲ သူရ၊ လိုက်မယ်တဲ့လား”

“မတွေ့ခဲ့ဘူး ဆရာစိုး၊ ဘုရားပေါ် မလာတာ သုံးရက်ရှိပြီတဲ့၊ ရိုက်ကွင်းကို ဖုန်းဆက်တော့လည်း မလာဘူးတဲ့”

“ဒုက္ခပဲကွာ”

ဆရာစိုးက ထိုးထိုးထောင်ထောင် ဖြစ်နေသော မုတ်ဆိတ်မွေးများကို ပွတ်သပ်ရင်း ကြံရာမရ ဖြစ်နေသည်။ သူရက ပုဂံကို ဖုန်းဆက်ကြည့်သေးလားဟု မေးလာသည်ကို သူ ခေါင်းညိတ်ပြလိုက်မိသည်။

“ကန်တော်ကြီးကို သွားပြန်ကြည့်ပေးရမလား ဆရာ”

“နေဦးကွာ… ဒီမှာလည်း တစ်ယောက် ရှိနေမှကွ၊ ငါ့လူခွေး… မှပဲ၊ ဒီနေ့မှပဲ ဓာတ်ပုံရိုက်မယ့်လူတွေ ကျမှကျဟော့၊ ယားလို့တောင် ကုတ်ချိန်မရှိဘူး၊ ဘွဲ့နှင်းသဘင် နီးနေပြီ၊ ဆိုင်ပိတ်ပြီး လိုက်ရှာရမလို ဖြစ်နေပြီ”

“ဒါဆိုလည်း ဆရာပဲ လိုက်သွားပေါ့”

“ဟ… ဖြစ်မလားကွ၊ တစ်ပတ်လောက် ကြာမယ့်ဟာ၊ နေစမ်းပါဦးကွာ၊ ငကျော့်ကို တွေ့ဖို့ စဉ်းစားစမ်းပါဦး၊ ဒီကောင် ဘယ်သဝေထိုးနေရတာလဲ”

mgyoe.com

သူတို့ ဆရာ တပည့်နှစ်ယောက် စကားကောင်းနေဆဲမှာပင် သင်တန်းသား နှစ်ယောက် ရောက်လာသည်။ အချိန်မှာ နေ့လယ် ဆယ့်တစ်နာရီထိုးပေတော့မည်။ ဆရာစိုးက အခန်းထဲ ဝင်ရန် ခေါင်းညိတ်ပြသော်ငြား ကောင်လေးတစ်ယောက်က ဆရာစိုးကို ပြောစရာရှိ၍ ကောင်တာဆီသို့ တိုးလာခဲ့သည်။

"အလုပ်ကိစ္စတွေ ပြောချင်လို့တဲ့ ဆရာစိုး"

ကောင်လေးက နောက်နားဆီတွင် ရပ်နေသည့် လူတစ်ဦးကို ပြရင်း ရှေ့သို့ တိုးဝင်လာခဲ့သည်။ ဆရာစိုးက ဧည့်သည်ကို ယခုမှပင် အကဲခတ်မိတော့သည်။ တိုက်ပုံအင်္ကျီနှင့် ချည်ပုဆိုး အစိမ်းရောင် အကွက်စိပ်စိပ် ဝတ်လျက်၊ သပ်ရပ်ခံ့ညားသော အမျိုးသားကြီးတစ်ယောက်ကို တွေ့ရသဖြင့် ချက်ချင်းပင် ထိုင်ခွင့်ပြုလိုက်ပြီး တစ်ဆက်တည်းမှာပင်။

"ဟေ့ သူရ… ကော်ဖီ လုပ်ကွာ၊ ပြီးရင် ဟိုကောင်တွေကို Lens အကြောင်း ရှင်းပြထားလိုက်၊ နောက်ကျတဲ့ ကောင်တွေ မင်နီတို့ထားစမ်းကွာ၊ ငါ ဒဏ်ရိုက်တော့မယ်"

ဆရာစိုး၏ လေသံကို တပည့်ကျော် သူရတစ်ယောက် ကောင်းစွာ သဘောပေါက်ပါသည်။ ဧည့်သည်သည် သူတို့ထံသို့ ဓာတ်ပုံသင်တန်းကိစ္စ လာဆွေးနွေးသည်လော။ သို့တည်းမဟုတ် ပွဲတစ်ခုခု လာအပ်သည်လော။ မည်သို့ပင်ဖြစ်စေ ဆရာစိုးသည် ထုံးစံအတိုင်း သူစိမ်းတစ်ယောက် ရှေ့တွင် အလွန်အင်မတန် အလုပ်ရှုပ်နေသော အာဂဓာတ်ပုံတိုက်ပိုင်ရှင်ကြီး ဖြစ်နေစမြဲပင်။

သူရတစ်ယောက် ဓာတ်ဘူးထဲမှ နှပ်ထားသော ကော်ဖီကို ငှဲ၍သွားချပေးလိုက်၏။ ဧည့်သည်တော်ကြီးက ဓာတ်ပုံတိုက်အား အကဲခတ်နေသည်။ သူရက သင်တန်းသားနှစ်ဦးကို မျက်စိမှိတ်ပြ၍ သင်တန်းပေးရာ ထပ်ခိုးခန်းဆီသို့ မေးငေါ့ပြလိုက်သည်။ ကောင်လေးတစ်ယောက်က ပခုံးတွန့်ရင်း–

"မနေ့က Lens အကြောင်း ရေးဖြေ ဖြေပြီးပြီလေ"

"ငါ သိတယ်၊ ဒီနေ့ အဲဒါ မင်းတို့ ပရက်တီကယ် လုပ်ရမှာ"

"ကိုသူရ၊ ခုမှ ဆယ့်တစ်နာရီပဲ ရှိသေးတယ်၊ နာရီဝက်တောင် လိုသေးတယ်လေ"

သူရက ဘာမှဆက်မပြောဘဲ ထိုနှစ်ကောင်ကို တွန်းသွင်းလာခဲ့သည်။ ထပ်ခိုးခန်း လှေကားသို့ ရောက်လာခါမှ ချာတိတ်တစ်ယောက်ကို ကုပ်ပိုးအား ဖွဖွကိုင်ရင်း–

mgyoe.com

mgyoe.com SAMPLE BOOK

"ဟော့ကောင်… ဒီလူကြီးက ဘယ်သူလဲ၊ ငါ့ ပြောစမ်း"

ချာတိတ်က ဘာမှ မပြော။ အဖော်ဖြစ်သူဘက်ကို လက်မ ညွှန်ပြလိုက်သည်။ ကျန်ချာတိတ်က သတင်းပေးခကို တောင်းဆိုပြီ။

"ကော်ဖီ… ပလိန်းကိတ်၊ ဗီးဂတ်စ်"

"ကော်ဖီနဲ့ ဗီးဂတ်စ်"

"နိုး… ပလိန်းကိတ် တစ်ပွဲ"

"မရဘူး၊ တစ်ချပ်ပဲ"

"နှစ်ချပ်"

"အိုကေ… ပြော"

"ဟိုက်သော့စ်ဗျ၊ သူ့ကန်ထရိုက်တိုက်ခန်းတွေ၊ ဟိုတယ်တွေ ကြော်ငြာဖို့ ဓာတ်ပုံဆရာ လာရှာတာ၊ အချိုကြီးနော် ကိုသူရ၊ တကယ့်အချိုကြီး"

သူရက ထိုနှစ်ကောင်ကို လွှတ်၍ ဧည့်ခန်းတံခါးဆီသို့ ပြေးထွက်သည်။ ချာတိတ်နှစ်ကောင်ကလည်း မခေလှ။ သူ့နောက်မှလိုက်၍ ဂျင်းဘောင်းဘီအိတ်ကို ဆွဲသူကဆွဲ၊ လက်ကို ဆွဲသူက ဆွဲတော့သည်။ သူတို့သုံးဦး ဧည့်ခန်းဆီသို့ မှန်တံခါးမှတစ်ဆင့် ပြိုင်တူ ကြည့်နေမိပြန်သည်။

ဆရာစိုးက ပြုံးရယ်ရွှင်မောစွာ ခေါင်းညိတ်နေပါသည်။ ချာတိတ်နှစ်ဦးက လေသံတိုးတိုးဖြင့် ပြောလာကြသည်။

"ကော်ဖီနဲ့ ဗီးဂတ်စ်"

"ပလိန်းကိတ်"

သူရ မငြင်းဝံ့တော့။ ဂျင်းဘောင်းဘီကို နေသားတကျ ပြန်တည့်၍ အင်္ကျီကို ကျကျနန ပြန်ပြင်ရင်း ခါးကို ကော့ကာ တံခါးလက်ကိုင်ကို လှည့်၍ ဖွင့်လိုက်သည်။ ချာတိတ်နှစ်ကောင်လည်း သူ့နောက်မှ ဣန္ဒြေရရဖြင့် ကပ်၍ လိုက်လာကြသည်။

"ဆရာ… မြေနီကုန်းက ကင်မရာဆိုင်ကို သူတို့ကို လိုက်ပို့မလို့၊ ဆရာ ဘာခိုင်းစရာ ရှိသေးလဲ"

သူရ စကားကြောင့် ဆရာစိုးက ချက်ချင်းပင် လှမ်းပြောလာသည်။

"ကျော်ကျော့်ကို တွေ့အောင်ရှာ"

သူရက သင်တန်းအတွက် နံရံမှ နာရီကို မော့ကြည့်လိုက်သည်။ ဆရာစိုးက ပါးနပ်လှ၏။

mgyoe.com SAMPLE BOOK


''ငါ ဆက်လုပ်လိုက်မယ်၊ မင်းပြီးရင် သွားရှာတော့''

သူရ ခေါင်းညိတ်ပြပြီး ထွက်မလာခင် ညှော်သည်တော်ကြီးအား ဖော်ရွေလိုက်လှဲစွာ ပြုံးပြမိသည်။ စာတိုက်ပုံ၏ အပြင်ဘက်တွင်ကား လှည်းတန်း ဈေးလမ်းမကြီးပေမို့ လူတွေ၊ ကားတွေ ဖြတ်သန်းသွားလာနေတော့သည်။ သူတို့သုံးဦးသား လက်ဖက်ရည်ဆိုင်သို့ ချီတက်ခဲ့ကြသည်။

''ဘယ်လို တွေ့လာတာလဲကွ''

''ကျွန်တော့်အစ်မဝမ်းကွဲရဲ့ သူငွေးလေ၊ လူဇော်ဝင်းနှင့် ညီများ ကန်ထရိုက်လုပ်ငန်းဆိုတာ အဲဒီလူပဲ''

''ဟာ… တကယ့် အာပါးပါးပါလား၊ တောက်… ငကျော် ငကျော်၊ ဒီကောင့်ကို ရှာရတာ ငါ မီးတောက်နေပြီ၊ ခွေးလှေ့ဂျပိုး ဘယ်သဝေ ထိုးနေလဲ မသိဘူးကွာ''

''ကိုသူရကလည်းဗျာ၊ တိုးရစ်အဖွဲ့နဲ့ အစ်ကိုပဲ လိုက်သွားပေါ့ဗျာ၊ စရိတ်ငြိမ်း လိုက်ရမယ့်ဟာ''

''အေးကွာ… ငါ့လက်ရာတွေ တွေ့လိုက်ရင် မင်းတို့ဆရာစိုး မျက်ဖြူ ဆိုက်သွားမယ်''

သူ့စကားကြောင့် သုံးဦးစလုံး ဟားတိုက် ရယ်မောလိုက်ကြသည်။ တကယ်တော့ ကိုသူရသည် စာတိုက်ပုံတိုက်၏ အထွေထွေမန်နေဂျာလိုလို၊ စာတိုက်ပုံ ဆေးသမားလိုလို၊ သင်တန်းနည်းပြလိုလိုနှင့် ဘာလိုလို ကိုသူရပေကိုး။ မရှိ၍ လည်း မဖြစ်ချေ။ အထွေထွေ ဆိုသည့်အတိုင်း ဘာလိုလို သူ့ကိုသာ ဆရာစိုး က ခိုင်းလေ့ရှိစမြဲ။ သို့ရာတွင် ခြွင်းချက်သည်ကား ကိုသူရသည် ကင်မရာသမား အဖြစ် အသုံးမဝင်ခြင်းပင်။ စာတိုက်ပုံတိုက်တွင် လိုင်စင်ပုံ လာရိုက်သည်ကိုတော့ ကျွမ်းကျင်စွာ ရိုက်နိုင်ပါသည်။ သို့ရာတွင် တကယ့်အလုပ်ပုံမျိုး ဆိုလျှင် ဆရာစိုးသာ ရိုက်ပေးသည်။ ကျော်ကျော် ရှိလျှင် ကျော်ကျော့်တာဝန်။

ယနေ့ ကျော်ကျော့်ကို အပူတပြင်း အလိုရှိနေသည်ကား ကြုံတွေ့ နေရသော ပြဿနာကို ဖြေရှင်းပေးနိုင်မည့်သူမှာ ကျော်ကျော်သာလျှင် ဖြစ်နေ သည်ကိုး။ ခရီးသွားကုမ္ပဏီတစ်ခုမှ နိုင်ငံခြားသား စာတိုက်ပုံဆရာများ၏ ပြည်တွင်း ခရီးစဉ်အတွင်း ဒေသခံဖြစ်သော စာတိုက်ပုံသမားတစ်ဦး တောင်းဆိုလာသည်။ ကျော်ကျော်သည်ကား အတွေ့အကြုံများလှသူ ဖြစ်သည့်အပြင် ဘာသာစကား ကိုလည်း မွန်ရည်စွာ ပြောတတ်သည်။ ထို့ပြင် ဆရာစိုးကိုယ်တိုင် အံ့သြချီးမွမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ရသည့် ဓာတ်ပုံပညာမျိုး ကျော်ကျော့်မှာ ရှိနေသည်။ ပြောရလျှင် သင်တန်းသူ သင်တန်းသားများ အောက်ဒိုး ထွက်လေတိုင်း ကျော်ကျော် အားသည့်ရက်ကို ရွေးချယ်ရသည်။ ယခု သင်းကို ဘယ်မှာ ရှာရမည်နည်း။ တိုက်ကို မလာသည်မှာ သုံးရက် ကြာခဲ့လေပြီ။ ဆရာစိုးလည်း ကမ္ဘာပျက်လုလု။

◆

"ကျွန်တော် ပြောတာကို သေသေချာချာ နားထောင်ပြီး ဘာပြီးရင် ဘာလုပ်ရမယ်ဆိုတာ တစ်ဆင့်ချင်း လိုက်လုပ်ပေးဖို့ လိုပါတယ်၊ ကဲ… စရအောင်"

ကန်တော်ကြီး ကရဝိက်ခန်းမအနီးတွင် ကင်မရာသမား ခြောက်ဦး ရွှေတိဂုံဘုရားဆီသို့ ဦးတည်၍ ရပ်နေကြသည်။ ကျော်ကျော်က ရှေ့မှာ ရပ်လျက် ကင်မရာနှင့် ပတ်သက်သော မှန်ဘီလူးအကြောင်းကို လက်တွေ့သင်ခန်းစာ ပေးနေပါသည်။

သင်တန်းသား ခြောက်ယောက်စလုံး ကျော်ကျော် ပြောသည်ကို အာရုံစိုက်နေကြသည်။

"ညီအစ်ကိုတို့ လက်ထဲမှာ ရှိတဲ့ Lens မှန်ဘီလူးအနောက်မှာ အဖုံးလေး ရှိတယ်၊ အဲဒါလေး ဖြုတ်လိုက်ပါ၊ ကျွန်တော်နဲ့ အမျိုးအစားတူတူ မတူတူ Lens တပ်ဆင်တာကို နားလည်အောင် လုပ်ဖို့ လိုပါတယ်၊ Lens မှာ EF-S IS ဆိုတဲ့ အမျိုးအစားဆိုရင် IS ဆိုတာ Image Stablizer ကို အတိုကောက် ခေါ်တာပါ၊ အဲဒါလေး မှတ်ထားပေးပါ၊ ဟုတ်ပြီ၊ စာနဲ့ လိုက်မှတ်လို့လည်း ရတယ်"

ကျော်ကျော်က လက်ထဲမှာ Lens ကို လှည့်၍ပြရင်း တချို့စာအုပ် ထုတ်၍ မှတ်နေသည်ကို ခေတ္တစောင့်ဆိုင်းပေးပြီးမှ–

"အဲဒါ ဘာလဲဆိုတော့ Lens ကို တည်ငြိမ်အောင်လို့ ထိန်းပေးတဲ့ စနစ်ပါ၊ IS လို့ အလွယ်ခေါ်ပါတယ်၊ IS ပါတဲ့ Lens တိုင်းမှာ ဘာပါသလဲ ဆိုရင် အဖြူစက်လေး တစ်စက်၊ ဒီမှာ ကြည့်ပါ၊ တွေ့တယ်နော်၊ အဲဒီလိုပဲ ကင်မရာမှာလည်း အဖြူစက်လေး ပါလိမ့်မယ်"

"ကိုကျော်… ကျွန်တော့်မှာ အနီစက်ပဲ ပါတယ်"

mgyoe.com

သင်တန်းသားတစ်ယောက်က လှမ်း၍ အသံပေးလာသည်။

"ရတယ်၊ ညီလေး Lesn က IS မပါလို့ ကိစ္စမရှိဘူး၊ ပြီးရင် ဆက်ရှင်းပြပေးမယ်၊ ကဲ… အဖြူစက် တွေ့ပြီနော်၊ အဲဒါဆိုရင် ကင်မရာ Body က အဖြူစက်နဲ့ Lens က အဖြူစက်နဲ့ တေ့ပြီး Lens မှာ မြားပြထားတဲ့အတိုင်း ညာဘက်ကို ရစ်ပေးပါ၊ ရစ်လိုက်ပါ… ဟုတ်ပြီ၊ ရစ်ထား၊ အသံတစ်သံ ကြားရလိမ့်မယ်"

ကျော်ကျော်က သူ့လက်ထဲမှ Cannon Digital SLR ကင်မရာကို ကိုင်တွယ်၍ Lens ကို လှည့်သွင်းပြနေသည်။ 'ကလစ်'ဟူသော အသံများ ကင်မရာအသီးသီးမှ ထွက်ပေါ်လာသည်။

"ဟုတ်ပြီ၊ စောစောက ကြားရတဲ့ ကလစ်ဆိုတာ ပြီးပါပြီဗျာတဲ့"

သင်တန်းသားများက ရယ်မောလိုက်ကြသည်။

"ဒါဆို ညီအစ်ကိုတို့ ဘယ်လိုအဓိပ္ပာယ်ဖော်မလဲ၊ အလကား ပြောတာပါ၊ Lens တပ်ဆင်ပြီးပြီဆိုတာ အချက်ပေးတာပါ၊ စောစောက အနီစက်ပဲပါတဲ့ ညီလေးရဲ့ ကင်မရာမှာ အနီစက်တစ်ခု ပါလိမ့်မယ်၊ ဟုတ်ပြီနော်၊ ဟုတ်တယ်၊ အဲဒီအနီစက်ပဲ၊ ညီလေးကတော့ အနီစက်ချင်း တေ့ပြီး တပ်လိုက်ပါ၊ ဘာမှ မခက်ပါဘူး၊ အခု ကျွန်တော်က cannon အမျိုးအစားကို အခြေခံထားပြီး ရှင်းပြနေတာကြောင့် ညာဘက်ကို ရစ်ပြီး တပ်ရတာပါ။ တကယ်လို့ Nikkon အမျိုးအစားဆိုရင်တော့ lens ကို ဘယ်ဘက်ရစ်ပြီး တပ်ရပါမယ်"

ကျော်ကျော်က သင်တန်းသားများဘက်သို့ ကြည့်ရင်း lens ကို ပြန်၍ဖြုတ်ပြသည်။ ထို့နောက် သင်တန်းသားများအား lens တပ်ဆင်နည်းကို ကိုယ်တိုင် ပြုလုပ်ပါရန် ဆော်ဩလိုက်တော့သည်။

ကိုသူရက လက်ထဲမှ စီးကရက်ကို ကမ်းပေးပြီး စကားတစ်ခွန်း မေးလာပါသည်။ သူ့အမေးကို ကျော်ကျော်က မဖြေ။ စီးကရက်ကို မီးညှိပြီး မီးခိုးငွေ့များကို ကန်ဘက်သို့ မျက်နှာမူ၍ မှုတ်ထုတ်ရင်း ပြုံးစစဖြင့် ပြန်ကြည့်လာပါသည်။

"ငကျော်… မင်းကို ငါ မေးနေတယ်လေ၊ လူဖော်ဝင်း ကုမ္ပဏီမှာ ဘာတွေ လုပ်ပေးရလဲလို့"

"ဟိုဟိုဒီဒီပေါ့ဗျာ"

"ဟေ့ကောင်… ငါ သိချင်လို့ကွ၊ တိုက်ခန်းတွေ ရိုက်ပေးရတာလား"

m.gyee.com

m g y o e . c o m SAMPLE BOOK


"ဘယ်ကလာဗျာ… ကုမ္ပဏီက ကောင်မလေးတွေကိုဗျ။ ဟဲ ဟဲ"

"တကယ်လားကွ"

"ပုံထုတ်တော့ ခင်ဗျား မြင်ရမှာပေါ့၊ ကဲပါဗျာ… အခု ကျွန်တော့်ကို AF နဲ့ MF ခလုတ်အကြောင်း သူတို့ကို ရှင်းပြပေးပါဗျာ၊ ကျွန်တော် ဗိုက်ဆာနေလို့"

ကိုသူရက ခေါင်းခါပြီး လှည့်ထွက်သွားတော့သည်။ ကျော်ကျော်က ရယ်မောရင်း lens များကို တပ်ဆင်လေ့ကျင့်နေသည့် သင်တန်းသားများဆီသို့ ပြန်လှည့်ကြည့်ရင်း စကားဆက်လိုက်ပါသည်။

"ကဲ… ကျွန်တော်တို့ ဒီနေ့ လက်တွေ့ရိုက်မှာ ဖြစ်တဲ့အတွက် ခပ်သွက်သွက်လေး သွားလိုက်ရအောင်၊ ညီအစ်ကိုတို့ lens တွေမှာ AF နဲ့ MF ဆိုတာ တွေ့လိမ့်မယ်။ AF ဆိုတာကတော့ ရှင်းပါတယ်၊ auto focus ပဲ၊ MF ကတော့ mannual focus ပါ။ အခု MF စနစ်နဲ့ အရင်ဆုံး မြင်ကွင်းကြည်လင်ဖို့၊ တစ်နည်းအားဖြင့် focus ပြတ်ဖို့ စပြီးလေ့လာကြရအောင်။ MF ခလုတ်ကို ရွှေ့လိုက်ကြပါ၊ ဟုတ်ပြီ အခု ကျွန်တော်တို့ ဟိုးမှာ မြင်နေရတဲ့ ကရဝိက် နှုတ်သီးက ရွှဲသီးကို ချိန်ကြရအောင်၊ မြင်ကွင်းက ဝါးနေရင် lens ကို လက်နဲ့ပဲ ကြည်လင်ပြတ်သားတဲ့အထိ လှည့်ပေးကြပါ၊ ပြီးရင် ကျွန်တော် ပြန်စစ်ပေးပါ့မယ်"

ကျော်ကျော်က သင်တန်းသားများ ချိန်ရွယ်ပြီးသည်အထိ စောင့်ဆိုင်းပြီးခါမှ တစ်ဦးချင်း၏ ကင်မရာများကို လိုက်၍ ကြည့်ရှုပါသည်။ ရလဒ်မှာ မဆိုးလှချေ။ ထို့ကြောင့်—

"အားလုံး ထင်ထားတာထက်ကို အတွေ့အကြုံ ရှိနေလို့ ဝမ်းသာပါတယ်၊ ကဲ… အခု AF ဆိုတဲ့ Auto Focus ဘက်ကို ရွှေ့လိုက်ကြရအောင်၊ စပြီနော်"

သင်တန်းသားအားလုံး AF ခလုတ်ကို ရွှေ့လိုက်ကြသည်။ lens အတွင်းမှ မော်တာသည် focus ပြတ်ရန် အလိုအလျောက် ချိန်ညှိပေးနေသည့်အတွက် ကင်မရာအသီးသီးမှ အသံလေးများ ထွက်နေသည်။

"ပြီးရင် မြင်ကွင်းကို ချိန်ပေးပါ၊ view finder ချောင်းကြည့်ပေါက်ကနေ ကြည့်နေပါ၊ ဟုတ်ပြီနော်၊ ပြီးရင် shutter button ဓာတ်ပုံရိုက်ခလုတ်ကို တစ်ဝက်စာလောက် နှိပ်ပေးပါ၊ ဟုတ်ပြီနော်၊ AF က focus ပြတ်အောင်

m g y o e . c o m

mgyoe.com


ညှိပေးတာကို စောင့်ပါ။ view က ကြည်လင်လာပါလိမ့်မယ်။ ပြီးရင် 'တီ'ဆိုတဲ့ အသံကို ကြားပြီလား၊ ကြားပြီနော်၊ ကြားပြီဆိုတော့မှ ခလုတ်ကို ဖြည်းဖြည်းလေး တစ်ချက် နှိပ်လိုက်ပါ''

''ကိုကျော်... ကျွန်တော် ဘာသံမှ မကြားရဘူး''

ချာတိတ်တစ်ယောက်က လှမ်း၍ အသံပေးလာသည်။ တခြားကင်မရာများကတော့ အဆင်ပြေပြေ ရိုက်ပြီးခဲ့လေပြီ။ ကျော်ကျော်က ချာတိတ်လေးဆီသို့ လျှောက်သွားပြီး ခေါင်းကို တစ်ချက် ပုတ်လိုက်သည်။

''ညီလေးရဲ့ lens က L lens အမျိုးအစားကွ၊ ဈေးကြီးတယ်၊ အသံက မြန်လွန်းတော့ ဘယ်ကြားရမလဲ၊ သေသေချာချာ ပြန်နားထောင်၊ အသံတိုးတိုးလေးပဲ ထွက်လိမ့်မယ်၊ ကြားလား''

ချာတိတ်က ချက်ချင်းပင် lens ၏ ရွေ့လျားမှုကို ပြန်လေ့လာပြီး ပြုံးဖြီးဖြီး ဖြစ်သွားတော့သည်။

◆

''ရှေ့ပိုင်းမှာ ကျွန်တော် ပြောခဲ့သလိုပဲ ကင်မရာမှာ ပါဝင်တဲ့ aperture လို့ ခေါ်တဲ့ အလင်းဝင်ပေါက် ရှိမယ်၊ shutter speed ဆိုတဲ့ အဲဒီအလင်း ဝင်နိုင်ဖို့ တံခါးကို အဖွင့်အပိတ် လုပ်ပေးတဲ့ အချိန်ပေးစနစ် ရှိတယ်။ ပြီးတော့ ISO ဆိုတဲ့ ကင်မရာမှာ ပါတဲ့ ပုံရိပ်ဖမ်းပေးတဲ့ ကြိယာ image sensor ကနေ အလင်း ဘယ်လောက် ဝင်နိုင်သလဲ ဆိုတာကို သိနိုင်တဲ့နှုန်း၊ ပြောရရင် အလင်းဆွဲအား ပမာဏ တိကျမယ်ဆိုရင် ဓာတ်ပုံကောင်း တစ်ပုံ ဖြစ်လာပါလိမ့်မယ်၊ ဒီသုံးမျိုးကို တြိဂံသဘောနဲ့ တင်စားပြောကြပါတယ်၊ aperture, shutter speed, ISO အချိုးညီခြင်းလို့ ပြောကြပါတယ်၊ ဓာတ်ပုံတစ်ပုံကို ရိုက်တော့မယ်ဆိုရင် ကိုယ်ကိုင်ထားတဲ့ ကင်မရာမှာ ဒီသုံးမျိုး အချိုးညီဖို့အတွက် ဒီသုံးမျိုး အလုပ်လုပ်ပုံ၊ အသုံးဝင်ပုံတွေကို ကျေကျေညက်ညက် နားလည်ထားဖို့ လိုပါတယ်၊ အရင်က aperture နဲ့ ပတ်သက်ပြီး အလွယ်မှတ်သားဖို့ စာချိုးလေး ရှိပါတယ်၊ အဲဒါ ဘာလဲဆိုတော့ နေပူဆယ့်တစ်၊ မိုးအုံ့ ရှစ်၊ အရိပ်ထဲမှာ ငါးဒသမ ခြောက်၊ သိပ်မှောင်လာရင် f/4 ကိုဖွင့် ဆိုတာ မှတ်မိကြမှာပါ၊ အဲဒီလိုပဲ aperture နဲ့ ပတ်သက်ပြီး ဓာတ်ပုံ

mgyoe.com

m gyoe . com SAMPLE BOOK

သမားတွေ ပြောလေ့ရှိတဲ့ အသုံးအနှုန်းတွေ ရှိပါတယ်၊ aperture ကို ကျဉ်းပြီး ရိုက်တာကို ကျစ်ပြီး ရိုက်တာလို့ သုံးနှုန်းကြပါတယ်၊ ကျယ်ပြီး ရိုက်တာကို ဖွင့်ရိုက်တာလို့ ပြောပါတယ်၊ အဲဒီလိုပဲ shutter speed နဲ့ ပတ်သက်ပြီး အမြန်ရိုက်တာကို speed မြှင့်ပြီး ရိုက်တာလို့ ပြောကြပါတယ်၊ နှေးပြီးရိုက်တာကို ဆင်းပြီးရိုက်တယ်လို့ ပြောကြပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ outdoor ဆင်းတဲ့အခါ aperture ကျစ်ပါဆိုရင် ကျဉ်းခိုင်းတာလို့ သိပါ၊ speed မြှင့်ပါဆိုရင် အမြန်ရိုက်ခိုင်းတာလို့ မှတ်ပါ၊ aperture ဖွင့်ပြီး ရိုက်ပါဆိုရင် ကျယ်ခိုင်းတာပါ၊ speed ဆင်းပါဆိုရင် နှေးခိုင်းတာလို့ သိစေချင်ပါတယ်၊ ဒါကြောင့် ကင်မရာမှာ ပါတဲ့ aperture, shutter speed နဲ့ ISO တွေကို နားလည်အောင် သေသေချာချာ ပြန်လေ့လာကြဖို့ ပြောလိုပါတယ်၊ ကင်မရာ တန်ဖိုးကြီးတာ မကြီးတာ၊ lens တန်ဖိုးကြီးတာ မကြီးတာထက် ကိုယ့်လက်ထဲမှာ ရှိနေတဲ့ ကင်မရာနဲ့ ဘယ်လိုပုံကောင်းအောင် ရိုက်နိုင်မလဲဆိုတာ အဲဒီ တြိဂံသုံးချက်က အဖြေပေးပါလိမ့်မယ်''

ကျော်ကျော်က ဘလက်ဘုတ်ပေါ်တွင် ရေးဆွဲထားသော ပုံများကို ထောက်ပြ၍ ရှင်းလင်းပြောဆိုပြီး သင်ခန်းစာ ပို့ချချက်ကို ခေတ္တနားလိုက်ပါသည်။

ယခင်ကဆိုလျှင် ကင်မရာနှင့် ပတ်သက်သော အသေးစိတ်သင်ခန်းစာများကို ဆရာစိုးကိုယ်တိုင် ပို့ချလေ့ရှိသည်။ နောက်ပိုင်းတွင် digital ကင်မရာနှင့် ပတ်သက်သော သင်တန်းသားများသာ ဝင်ရောက်လာသည့်အတွက် ဆန်းပြားတိုးတက်လာသော ကင်မရာသုံး ပစ္စည်းကိရိယာများနှင့် ၄င်းတို့၏ အလုပ်လုပ်ပုံကို ဆရာစိုး ကောင်းစွာ မလေ့လာဖြစ်တော့ဘဲ ကျော်ကျော်နှင့် ကိုသူရကိုသာ အားထားလာခဲ့သည်။ တကယ်တော့ ကျော်ကျော်တို့မှာလည်း ယနေ့မျက်မှောက်ခေတ် digital ကင်မရာသုံး ကိရိယာမျိုးစုံကို ဝယ်သုံးနိုင်သည် မဟုတ်ပေ။ အင်တာနက်ထဲမှာ ရှာဖွေဖတ်ရှုရင်း download လုပ်ရင်း သင်ကြားပေးနေရခြင်းပင်။

ကင်မရာတစ်လုံး၏ တန်ဖိုးသည် Pro သမားတစ်ဦးအတွက် lens များ အပြည့်အစုံ ပါဝင်လျှင် သိန်း ၁၅၀ ဝန်းကျင် ရှိနေသည်ကိုး။ ဖလက်မီး အမျိုးမျိုး၊ lens အမျိုးမျိုး၊ tripod အမျိုးမျိုး ပြည့်စုံမှသာလျှင် pro သမား တစ်ယောက် ဖြစ်မည်ကို သူတို့ သိထားပါသည်။ လက်တွေ့တွင် ထိုကိရိယာ

mgyoe.com

 mgyoe.com SAMPLE BOOK 

မျိုးစုံကို မဝယ်နိုင်သေးပေ။ ဆရာစိုး စိတ်ပျက်သည်မှာလည်း ထိုပြဿနာအတွက်ပင် ဖြစ်သည်။ အမှန်ပြောရပါလျှင် ဆရာစိုး၏ သင်တန်းသည် မျက်မှောက်ခေတ်၏ စိန်ခေါ်မှုကို အလူးအလိမ့် ခံနေရသည့် သင်တန်းတစ်ခု ဖြစ်နေပြီ။ သို့ရာတွင် ဝါရင့်၊ သမ္မာရင့်၊ အတွေ့အကြုံ ရင့်ကျက်နေပြီ ဖြစ်သည့်အတွက် ခေတ်ကို ကျားကန်နေနိုင်ခြင်းသာ ဖြစ်တော့သည်။

ဆရာစိုး နှုတ်မှ မကြာဏ ညည်းတွားလေ့ရှိသည်မှာ-

"နှစ်ပေါင်း လေးဆယ်ကျော် ဓာတ်ပုံဆရာ လုပ်လာတာ၊ ငါ့မှာ အမြတ်ထွက်တာဆိုလို့ ငကျော်တစ်ကောင်ပဲ အဖတ်တင်တယ်၊ ကျန်တဲ့ဓာတ်ပုံလုပ်ငန်းကတော့ ငါ့လိုပဲ အိုနာကျိုးကန်းပါကွာ" တဲ့။

မှန်သည်။ ရန်ကုန် ဓာတ်ပုံလောကတွင် ဆရာစိုးအား ဖိနပ်တံဆိပ်ဖြစ်သည့် စကောကို ခေါ်ဝေါ်သကဲ့သို့ sky ဆရာစိုးအား စကောဆရာစိုးဟု ကွယ်ရာတွင် ခေါ်ဝေါ်နောက်ပြောင်ကြသည်။ ဖိနပ်ဟူသည် အခြေခံလောက်သာ ဖြစ်သည်မို့ အခြေခံသင်တန်းသက်သက်ဟု ခေါ်ဝေါ်ခြင်းပင်။ လက်တွေ့သင်ကြားပြသစရာ ကိရိယာ မစုံလင်ဘဲကိုး။

ကျော်ကျော်ကတော့ ဂရုမစိုက်။ တစ်နေ့တွင် ထိပ်တန်းဓာတ်ပုံတိုက်ကြီးဖြစ်အောင် လုပ်မည်ဟု အားခဲနေဆဲပင်။ ထို့ပြင် နိုင်ငံတကာတွင် ထိုးဖောက်နိုင်သော Nature Life Pro သမားတစ်ဦး ဖြစ်ရန်လည်း အပြင်းအထန်ရည်မှန်းချက်ထားနေဆဲ ဖြစ်တော့သည်။

◆

နေရောင်ခြည်သည် ကန်ရေပြင်ကို ထိုးစိုက်ဆင်းပြီး တစ်ဖန် ပြန်ဦးမော့၍ ကန်စပ်မှ ပန်းပင်လေးများပေါ်သို့ ပြေးဝင်ဆော့ကစားနေသည်။ ပန်းပင်လေးများ၏ အထက်၌ ကုက္ကိုပင်အိုကြီးက ယှက်ဖြာအုပ်မိုးထားသဖြင့် နေရောင်ခြည် တက်သစ်စတွင် ပန်းပင်လေးများပေါ်သို့ မရောက်နိုင်သေး။ စိမ်းလဲ့နေသော ကန်ရေပြင်ကို အားယူ၍ နေရောင်ခြည်များကတစ်ဆင့် ခုန်ကာ ပန်းပင်လေးများပေါ်သို့ ထိုးဟပ်နေ၏။

အသက် နှစ်ဆယ့်ငါးနှစ်အရွယ် ကောင်လေးတစ်ယောက်သည် ကန်စပ်နှင့် တစ်ပြေးတည်းတွင် ကင်မရာကို ကိုင်၍ ငေးမောနေသည်။ သူ

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်းထားသော လျှာထိုးဦးထုပ်ကို ပြောင်းပြန်လှည့်၍ ဆွဲဖေ့လိုက်ပြီး နေရောင်ခြည် ဖြာထွက်နေသည့် ကန်ရေပြင်ဆီသို့ တစ်လှည့်၊ ကင်မရာ ရိုက်ချက် ဝင်ရမည့် ပန်းပင်လေးများပေါ်သို့ တစ်လှည့် ကြည့်နေမိသည်။ သူ့နားထဲမှာလည်း Pro သမား တစ်ယောက် ပြောပြခဲ့သည်များကို ကြားနေမိသည်။

"မင်း မှတ်ထား ကျော်ကျော်ရေ၊ ဓာတ်ပုံကောင်းတစ်ပုံ ရဖို့ဆိုတာ ပန်းပွင့်လေးတွေ ဘယ်အချိန် ပွင့်အာသွားသလဲ ဆိုတာကို စောင့်ကြည့်ရတာ ထက် ခက်တယ်၊ မင်း ကင်မရာ ဘယ်လောက်ပဲ ကောင်းကောင်း၊ မင်း lens က ဘယ်လောက်ပဲ ဈေးကြီးကြီး၊ မင်း မသိနိုင်တဲ့ အာရုံတစ်မျိုးဖျူးက ပေးတဲ့ ရိုက်ချက်ကသာ ဓာတ်ပုံကောင်းကောင်း ဖြစ်လာတာ၊ အာရုံခံစားမှု ကွ ကျော်ကျော်ရ၊ အာရုံခံစားမှုက အဓိက"

ကောင်လေးက ကင်မရာကို ပင့်၍ ပန်းပင်လေးများပေါ်သို့ ချိန်ရွယ်လိုက်သည်။ လိပ်ပြာကလေး နှစ်ကောင်က ဝေ့ဝဲပျံသန်းနေသည်။ လေအေးအေး တစ်ချက် အဝှေ့တွင် လိပ်ပြာလေး နှစ်ကောင် နားခိုလုလုမှ လန့်၍ ထပျံလိုက် ကြသည်။ ကောင်လေး စိတ်ထဲတွင် မိပြီဟု တွေးဆ၍ ခလုတ်ကို တစ်ဝက် ဆွဲလိုက်သည်။ ကင်မရာမှ focus ဖြတ်နေသည်ကို ခေတ္တစောင့်ကြည့်သည်။ လေပြည်အေးက နောက်တစ်ကြိမ် ထပ်မွှေ့ပြန်သည်။ လိပ်ပြာလေး နှစ်ကောင် သည်လည်း အထက် အောက် စုန်ချည်ဆန်ချည် လန့်၍ ပျံဝဲနေသခိုက် ကောင်လေး ကင်မရာခလုတ်ကို ဆွဲလိုက်တော့သည်။ Program ပေးထားသည်မို့ Cannon ကင်မရာ၏ ရိုက်ချက်များက စက္ကန့်ပိုင်းအတွင်းမှာပင် တရစပ် ပေါ်ထွက်လာသည်။ လိပ်ပြာလေးများက မသိရှာ။

ကောင်လေးက ကန်ရေစပ်ထဲသို့ ခြေနှစ်လှမ်း ထပ်၍ ဆင်းသွားပြန်သည်။ သူ့ခြေထောက်များ ရေနှင့်ထိတွေ့၍ လည်းကောင်း၊ ရွှံ့နွံထဲသို့ တိုးဝင်နေသဖြင့် လည်းကောင်း၊ ဂျင်းဘောင်းဘီ အောက်ခြေတွင် ရွှံ့ နစ်သွားသည်။ သို့ရာတွင် ကောင်လေးက ကင်မရာကို မလွှတ်သေး။ ကန်စပ်မှ ပန်းပင်များပေါ် သို့ နေရောင်ခြည် ထင်ဟပ်နေသည်ကို မိမိရရ ပေါ်လွင်စေရန် ရေစပ်မှာပင် ကိုယ်ကို ကျုံ့၍ ထိုင်ချလိုက်သည်။ သူ လိုချင်သော ရှုထောင့်ကို တွေ့သည် နှင့် ရိုက်ချက်များကို ဆွဲချလိုက်တော့သည်။

သူ ပြန်ထလိုက်ချိန်တွင် ရွှဲစိုနေသော ခြေထောက်များကို ပြန်ငုံ့ကြည့်၍ အားရပါးရ ရယ်မောနေသည်။ ထိုအခါမှပင် အနှောင့်အယှက်တွေ့လေပြီဟု တပ်လှန့်ခံလိုက်ရသော လိပ်ပြာလေးနှစ်ကောင်အပြင် ကုက္ကိုပင်ထက်မှ ငှက်ကလေးတချို့ လန့်၍ ပျံပြေးကြတော့သည်။

ကောင်လေးက ထိုအရာများကို ဂရုမထားတော့။

LCD မြင်ကွင်းပေါ်သို့ ရိုက်ချက်များကို ဖွင့်၍ စစ်ဆေးနေသည်။ ပြီးတော့ သူ ကျေနပ်သွား၏။ ရေစို၍ ရွှံ့ နွံများ ပေကျံနေသော ဖိနပ်များကို ရေစပ်မှာပင် ဆေးကြောနေသည်။ သည်ရိုက်ချက်ကို ရဖို့ သုံးရက်နီးပါး သူ ကြိုးစားခဲ့ရသည်ကော။

ကန်စပ်တွင် သူ ခြေပစ်လက်ပစ် ထိုင်၍ ကင်းဘတ်ဖိနပ်ကို ချွတ်ပြီး ရေစစ်သွားရန် ကုက္ကိုပင်ဘေးတွင် ထောင်ထားလိုက်မိသည်။ ထို့နောက် ချထားသော ကျောပိုးအိတ်ကို ဖွင့်၍ ဓာတ်ပုံဒိုင်ယာရီစာအုပ်ကို ထုတ်လိုက်သည်။ လက်ထဲမှ နာရီကို ကြည့်လိုက်သည်။ ပြီးတော့မှ စာအုပ်ထဲတွင် သူ့ ရိုက်ချက်များကို မှတ်တမ်း ရေးသွင်းပါတော့သည်။

အားကောင်းစပြုလာပြီ ဖြစ်သော နေရောင်ခြည်သည် ကောင်လေးကို လည်းကောင်း၊ ပန်းပင်များကို လည်းကောင်း ဆက်၍ အသုံးတော်မခံတော့ဘဲ ကုက္ကိုပင်အထက်ဆီသို့ တွယ်ဖက်၍ တက်သွားလေပြီ။ ကန်ရေပြင်ပေါ်သို့ ထိုးကျနေသော နေရောင်ခြည်များကား ပန်းပင်များဆီသို့ ရောင်ပြန်မဟပ်တော့ပြီ။

ကောင်လေးက ဖရိုဖရဲ ဖြစ်နေသော သူ့ဆံပင်များကို စုစည်းရန် လျှာထိုးဦးထုပ်အား ချွတ်၍ ဒူးခေါင်းတစ်ဖက်ပေါ်သို့ တင်လိုက်သည်။ ဘယ်ဘက်လက်တွင် စွပ်ထားသည့် ခေါင်းစည်းကြိုးပျော့ကို ယူ၍ လက်ဖြင့် စုစည်းမိနေသည့် ဆံပင်ရှည်များကို နောက်ဘက်၌ ချည်နှောင်လိုက်သည်။

လိပ်ပြာလေးတစ်ကောင်က ယခုမှပင် အဖိုးအခ တောင်းသောအနေဖြင့် သူ့ဦးခေါင်းထက်တွင် လာရောက်ပျံဝဲနေ၏။ ထိုလိပ်ပြာလေးကို သူ ဂရုတစိုက် ကြည့်နေသည်။ အတောင်ပံများက ရွှေရည် သုတ်လိမ်းထားသကဲ့သို့ပင်။ သူက အံ့ဩသောစိတ်ဖြင့် ကင်မရာ LCD ကို ပြန်ဖွင့်၍ ရိုက်ချက်များကို ပြန်လှေ့လာကြည့်သည်။ ပြီးတော့ သူ မျက်မှောင်ကြုတ်မိသည်။ သူ့ရိုက်ချက်များတွင် လိပ်ပြာလေး၏ မူလအရောင် ရွှေရည်လိမ်းထားသည်ကို

mgyoe.com

m gyoe.com  SAMPLE BOOK 

မတွေ့ရ။ စိမ်းလဲ့သော ကန်ရေပြင်ကို အားယူ၍ ရုန်းထွက်လာသော နေရောင်ခြည်၏ အလင်းသီအိုရီကြောင့် လိပ်ပြာလေး၏ ရွှေရောင်မှာ အဖြူဘက်သို့ လူနေသည်။ သည့်အတွက် သူ ပြန်၍ လိပ်ပြာလေးကို အကဲခတ်လိုက်သည်။ မှန်နေသည်။ စောစောက သူ ရိုက်ချက်တင်ခဲ့သော လိပ်ပြာလေးသည် သူ့အဖော်ရှိရာ မူရင်းနေရာသို့ ပြန်ကူးပြောင်း၍ နှစ်ကောင်သား သူ့အကြောင်းကို ပြောနေသလိုပင်။ သူ့ရိုက်ချက်ထဲမှ တခြားတစ်ကောင်မှာ မူလအစိမ်းရောင်ပင် ပေါ်လွင်နေသည်။ အရောင်ပြောင်းမှုမှာ မသိသာလှချေ။ သို့အတွက်ပင် သူ ပြန်၍ ထိုလိပ်ပြာလေးနှစ်ကောင်ကို ကင်မရာမှတစ်ဆင့် လှမ်း၍ ချိန်ရွယ်ကြည့်ရှုလိုက်သည်။ နဂိုမူလအရောင်များကိုသာ တွေ့ရ၏။ ကောင်လေး နည်းနည်းတော့ သဘောပေါက်သွားလေပြီ။ အရောင်ချင်း ထိတွေ့မှုတွင် ပို၍တောက်ပသော အရောင်သည် တခြားအရောင်ကို လွှမ်းမိုးတတ်သည်ကို သူ ရိပ်စားမိလာခြင်းပင်။

ကောင်လေးက ဓာတ်ပုံဒိုင်ယာရီကို ပြန်ထုတ်၍ သူ တွေ့ကြုံခံစားရသည်ကို ရေးမှတ်လိုက်ပါတော့သည်။ ထိုရေးမှတ်မှု၏ အောက်ခြေတွင် စတားပြ၍ မှတ်ချက် ရေးလိုက်ပြန်သည်။

'အရောင်သီအိုရီ' ဟူ၍ပင်။

◆

ကုမ္ပဏီဝန်ထမ်း ကလေးမလေးက သောက်ရေဖန်ခွက်ကို ဗန်းလေးပေါ်တွင် တင်၍ ကိုင်ဆောင်လာပြီး ဦးမြင့်မောင် ရှေ့မှ စားပွဲပေါ်တွင် တင်ပေးလိုက်သည်။ ဦးမြင့်မောင် ချက်ချင်းပင် ကောက်၍ မော့သောက်လိုက်ပါသည်။ သူ့မျက်နှာတွင် ချွေးစေးများ အနှံ့အပြား ထွက်နေသည်။ ခါးကြားမှ လက်ကိုင်ပဝါကို ထုတ်၍ သုတ်လိုက်ပါသည်။ ရေဓာတ်ကြောင့် အနည်းငယ်နေသာထိုင်သာ ရှိသွားသော်ငြား ထိုရေဓာတ်ကြောင့်ပင် ချွေးစေးတို့က ထပ်မံ၍ တိုးထွက်လာ၏။

"အန်ကယ်... ထပ်သောက်ဦးမလား"

"ဟူး... အေးကွာ၊ လုပ်ပါဦး"

mgyoe.com

 mgyoe.com SAMPLE BOOK 

ကလေးမလေးက ဖန်ခွက်ကို ယူဆောင်၍ ရေသန့်စက်ဆီသို့ ထွက်ခွာသွားသည်။ ဦးမြင့်မောင်က ရုံးခန်းအတွင်းသို့ ဝေ့ဝိုက် အကဲခတ်ရင်း လက်မှ နာရီကိုလည်း ကြည့်လိုက်ပါသည်။ ဆယ်နာရီထိုးရန် မိနစ်ပိုင်းမျှသာ ကျန်တော့၏။ သူ့ခေါင်းထဲတွင် ပြောပြရမည့် စကားများကို ပြန်၍ အစီအစဉ်ချနေသည်။ ထိုသို့ စဉ်းစားနေခိုက်မှာပင် သူ့မျက်လုံးများက ရုံးခန်း၏ နံရံတစ်ခုပေါ်တွင် 'match of the stuff' ဟူသော စာတမ်းနှင့် ဓာတ်ပုံဆီသို့ အကြည့်ရောက်သွား၏။ ပြီးခဲ့သော တစ်လတာတွင် ကုမ္ပဏီ၏ အကောင်းဆုံးဝန်ထမ်းနေရာတွင် နွေးနွေးကို တွေ့လိုက်ရခြင်းပင်။ သူ နည်းနည်းကျေနပ်သွားမိသည်။ သူ့ကိုယ်သူ ကျေနပ်သွားခြင်းပင်။

နွေးနွေးတစ်ယောက် ဆယ်တန်းအောင်သည့် နှစ်မှာပင် ဆေးကျောင်းသို့ တက်ချင်သည့် ဆန္ဒကို သူ တားမြစ်ခဲ့မိသည်။ ထို့အတွက် ဇနီးဖြစ်သူနှင့် ကတောက်ကဆ ဖြစ်ရသေးသည်။ သူ့ဇနီးက သမီးလေး၏ ဆန္ဒကို ဖြည့်ဆည်းပေးစေချင်ရှာသည်။ အစကတော့ သမီးကို သူ လိုက်လျောရန် တွေးထားမိပါသည်။ သမီးခမျာ ငယ်စဉ်ကတည်းကပင် ဖခင်ဖြစ်သူ၏ တစ်သွေး တစ်သံ တစ်မိန့်ကို နာခံလာခဲ့ရသည်။ သမီးက ဝါသနာပါသည့် ဆေးကျောင်းကို တက်ချင်သည်။ သူကလည်း ဘာမှ မပြောဖြစ်သေး။ သို့ရာတွင် ပြောင်းလဲလာသော ခေတ်ကာလ၏ စီးပွားရေးယန္တရားကြီးတွင် သူ ရိပ်ခနဲ တွေးလိုက်သည်ကား စီမံခန့်ခွဲမှုပညာ၏ အခန်းကဏ္ဍကိုပင်။ မြန်မာပြည်တွင် နောက်ပိုင်းကာလ၌ အဓိကဦးဆောင်မည့် အတတ်ပညာမှာ ထိုစီမံခန့်ခွဲမှု အတတ်ပညာ ဖြစ်လာမည်ကို သူ သိခဲ့ရသည်။ ထို့ကြောင့်ပင် သမီးကို အမှတ်ပြည့်ရပါလျက် ဆေးကျောင်းတက်ခွင့် မပြုတော့။ အကယ်၍သာ ဆေးကျောင်းတက်ခဲ့ပါက ဖောင်ဒေးရှင်းတစ်ခုက သမီးကို အပြည့်အဝ ပံ့ပိုးကူညီမည် အမှန်။ သမီးအတွက် ကုန်ကျမည့် ကျောင်းစရိတ်ကို သူတို့ ပူပင်စရာမလို။ သို့ရာတွင် သူ ငြင်းပယ်လိုက်သည်။ သူလို မီးရထားစက်ဗိုလ်တစ်ဦးအနေဖြင့် လုပ်သက် နှစ် ၃၀ ကျော်လာသည့်တိုင် တစ်ဦးတည်းသော သမီးလေးအတွက် လက်ဝတ်ရတနာပင် မဆင်နိုင်။ သို့သော်ငြား သမီးကို သူ ရည်မှန်းထားသည့် ခေတ်ပညာတတ်ကြီး ဖြစ်စေခဲ့ပြီ။

ယနေ့ခေတ်သည် ပညာခေတ်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မှ ထည်ဝါခံ့ညားမည့် ပညာခေတ် ဖြစ်သည်။ ထို့ကြောင့်ပင် သမီးကို စီမံခန့်ခွဲမှု ဒီပလိုမာကို ယူစေခဲ့သည်ကော။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုမျှနှင့် မပြီးသေး။

သမီးအတွက် အလုပ်အကိုင်ကောင်းကောင်းကို သူကိုယ်တိုင် ဂရုတစိုက် ရွေးချယ်ပေးခဲ့သည်။ ဤကုမ္ပဏီသို့ သူကိုယ်တိုင် လျှောက်လွှာတင်ပေးခဲ့သည်။ အင်တာဗျူးမဝင်မီမှာပင် သူကိုယ်တိုင် ကုမ္ပဏီ၏ အခြေအနေအားလုံးကို လေ့လာသုံးသပ်ခဲ့သည်။ ထို့ပြင် သမီးအား အလုပ်ခန့်အပ်သည့်အခါ ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူအား သူကိုယ်တိုင် လာရောက်၍ သမီးကို အပ်နှံပေးခဲ့သည်ကော။ ဥက္ကဋ္ဌအနေဖြင့် သူ့ကို တအံ့တသြ ဖြစ်နေသည့်တိုင် ဖခင်တစ်ဦး၏ မျှော်မှန်းချက်ကို အပြည့်အဝ နားလည်ပေးခဲ့သည်ပဲ။ ထို့ကြောင့်ပင် ယနေ့လို ခေတ်ကြီးထဲ၌ သူ့အား ရှာမှရှား ဖခင်တစ်ဦးအဖြစ် ချီးကျူးခဲ့သည်။

"အန်ကယ်... ဦးဇော်က အခန်းထဲ ရောက်နေပြီ၊ အန်ကယ့်ကို စောင့်နေတယ်"

ကလေးမလေး အကြောင်းကြားလာသည်နှင့် သူ ချက်ချင်းပင် လိုက်လာခဲ့တော့သည်။ ကုမ္ပဏီရုံးခန်းကြီးက ကြီးမားကျယ်ပြန့်လှသည်။ ဝန်ထမ်းများကလည်း မနည်းမနောလှချေ။ ခေတ်ပြိုင် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းများကို နေ့ ည မအား တည်ဆောက်နေကြသည်မို့ ဝန်ထမ်းအင်အားမှာ ရုံးလုပ်ငန်းပိုင်းမှာပင် စည်ကားသိုက်မြိုက်နေတော့သည်။

ဦးမြင့်မောင်သည် ကလေးမလေး ဖွင့်ပေးသည့် တံခါးမှ လှမ်းဝင်လာခဲ့သည်။ သူ့ကို တွေ့လိုက်သည်နှင့် ဥက္ကဋ္ဌက ချက်ချင်း ထလာပြီး-

"ဘယ်လို ဖြစ်တာလဲ အန်ကယ်၊ ကျွန်တော် အခုမှ သိရတယ်ဗျာ"

"ဦးကို ခွင့်လွှတ်ပါ၊ ဒီကိစ္စကို သမီးလေး မသိစေချင်လို့ ကျိတ်ပြီးနေခဲ့တာ အခုလည်း..."

"အန်ကယ်... ဘယ်လိုမှ စိတ်မရှိပါနဲ့၊ အန်ကယ့်ဘက်က ကြည့်တော့လည်း သားသမီးရှုထောင့်ပါ၊ ကျွန်တော့်ဘက်က ကြည့်တော့လည်း ကိုယ့်ဝန်ထမ်းတစ်ဦးရဲ့ မိသားစုကိစ္စလေ၊ ကျွန်တော် ငွေးကို ပြန်ခေါ်ရလိမ့်မယ်"

"အဲဒါကို ခဏလေး... ခဏလေး..."

ဦးမြင့်မောင်သည် စကားမဆက်။ သူ့မျက်နှာပြင်တွင် ဆွေးမြည့်ကြေကွဲနေသည့် အရိပ်လက္ခဏာများ လှိုက်၍ ထွက်ပေါ်လာပြီး ဦးဇော်၏ ရှေ့မှာပင် ထိုင်ချလိုက်တော့သည်။ ထို့နောက် ခေါင်းငိုက်စိုက်ကျနေရင်း ဘာမှ မပြောထွက်တော့ချေ။

mgyoe.com SAMPLE BOOK


ဦးဇော်လည်း စိတ်မကောင်းခြင်း ကြီးစွာဖြင့် စောင့်ကြည့်နေပါသည်။ ပြီးတော့မှ–

''နွေးဟာ တကယ့်ကို အားကိုးရတဲ့ ဝန်ထမ်း ဖြစ်နေပါပြီ၊ သူ့ကို ကျွန်တော့်ရဲ့ လက်ရုံးအဖြစ် အားထားနေရပါပြီ၊ ဒီကိစ္စကိုတော့ အသိပေးမှ ဖြစ်မယ်၊ သူ ပြန်လာလို့ ကျွန်တော်တို့ ဘာမှ မထိခိုက်ပါဘူး''

ဦးမြင့်မောင်က ခေါင်းခါနေပြန်သည်။ ထို့ပြင်–

''သူ့အမေက ပြန်ရှင်လာမှာမှ မဟုတ်ဘဲဗျာ၊ သူ ပြန်လာရင်...''

''မဟုတ်သေးဘူး အန်ကယ်၊ ဒီပရောဂျက်ဟာ ကျွန်တော်တို့အတွက် အစားထိုးလို့မရတဲ့ ဆုံးရှုံးမှု မဟုတ်ဘူး၊ သူ့စိတ်ထဲမှာ ဒဏ်ရာ ဖြစ်သွားလိမ့်မယ်၊ ကုမ္ပဏီကို သူ စိတ်နာသွားလိမ့်မယ် အန်ကယ်၊ ကျွန်တော်တို့အပေါ် သူ တစ်မျိုး မြင်သွားရင် မကောင်းဘူး၊ အမေတစ်ယောက်လုံး ကွယ်လွန်သွားတာတောင်မှ...''

ဦးမြင့်မောင်က လက်ပြ၍ ဟန့်တားလိုက်သည်။

''ဒါကို မောင်ဇော် ဘာမှ စိတ်မပူပါနဲ့၊ သူ ပြန်လာရင် ဦးကိုယ်တိုင် သေသေချာချာ ရှင်းပြမှာပါ၊ သူ့အလုပ်သူ ပြီးအောင် လုပ်ပါစေကွာနော်၊ ဦး သူ့ကို ယုံတယ်၊ ဒီပရောဂျက်ကို သူ ရအောင်လုပ်ပါလိမ့်မယ်၊ ဦးရဲ့ဇနီး ကွယ်လွန်သွားချိန်မှာ အဲဒါလေးနဲ့ ဦး ဖြေသိမ့်ပါရစေ၊ သူ့ကို လုံးဝအကြောင်း မကြားပါနဲ့၊ သူဟာ ဦးရဲ့ဘဝပါ၊ သူ့ရဲ့ အောင်မြင်မှုဟာ ဦးရဲ့ ပန်းတိုင်ပါ... နော်''

ယခုတစ်ဖန် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သူမှာ ဦးဇော် ဖြစ်တော့သည်။ နွေးနွေးကို စင်္ကာပူမှ ဆောက်လုပ်ရေးကုမ္ပဏီနှင့် တွေ့ဆုံရန် လွှတ်လိုက်သည်။ ထိုပရောဂျက်ကို ရရန် ကုမ္ပဏီပေါင်းများစွာ အပြိုင်အဆိုင် ကြိုးပမ်းနေကြသည်။ ဒေါ်လာဘီလျံ ချီသည့် ဆောက်လုပ်ရေး ကိုယ်စားလှယ်ရွေးပွဲသို့ နွေးနွေးကို ကုမ္ပဏီအတွက် စေခိုင်းလိုက်သည်။ စင်္ကာပူဘက်မှ နွေးနွေးကို သုံးကြိမ်တိတိ တွေ့ဆုံသည်ဟူသော မင်္ဂလာသတင်းကို ကြားခဲ့ရပြီးပြီ။ ပရောဂျက်နှင့် ပတ်သက်သော ပုံစံငယ်ကိုပင် အကြမ်းရေးဆွဲတင်ပြရန် ကုမ္ပဏီမှ အင်ဂျင်နီယာအဖွဲ့ကို စင်္ကာပူသို့ လိုက်လာရန် ဆင့်ခေါ်ခံရပြီးပြီ။

ဦးဇော် ဘာပြောရမှန်း မသိတော့ချေ။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးမြင့်မောင်က မချိသော ခံစားချက် မျက်နှာဖြင့် ထရပ်လိုက်သည်။ ထိုအခါမှပင် ဦးဇော် သတိဝင်လာပြီး-

"ခဏလေးပါ အန်ကယ်၊ ခဏလေးပါ"

သူ ချက်ချင်းပင် ချက်လက်မှတ် တစ်စောင်ကို ကောက်ရေးလိုက်သည်။ ပြီးတော့မှ အသိဝင်သွားသဖြင့် ချက်လက်မှတ်ကို ဆက်မရေးတော့။

"ဆောရီး အန်ကယ်၊ အန်ကယ် အခု လက်ခံမှာ မဟုတ်ပါဘူး၊ ကျွန်တော် ညနေကျမှ လာခဲ့ပါ့မယ်၊ ဒါကိုတော့ အန်ကယ် ခွင့်ပြုရမယ်။ နွေးနွေးဟာ ကျွန်တော့်သမီးလို ဖြစ်နေပါပြီ၊ သူ့အမေရဲ့ နာရေးကို ကျွန်တော် ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ကျွန်တော် လိပ်ပြာသန့်ချင်လို့ပါ၊ ညနေကျရင် ကျွန်တော် လာခဲ့မယ်၊ ပြီးတော့ ဒီနာရေးကိစ္စအဝဝကို တာဝန်ယူပါရစေဗျာ"

"ကျေးဇူးတင်ပါတယ် မောင်ဇော်၊ ဦး တကယ် ကျေးဇူးတာပါ၊ သမီးဟာ မောင်ရင်တို့ဆီကို ရောက်လာတာ တကယ့်ကို လူစိတ်ရှိတဲ့ လူတွေနဲ့ တွေ့ရတယ်လို့ အစကတည်းက ဦး သိခဲ့တာ၊ အခုတော့ ပိုစိတ်ချရပါပြီ၊ ကဲ... ဦးကို ခွင့်ပြုဦး"

"ကောင်းပြီ အန်ကယ်၊ ရုံးကနေ ကားတစ်စီး စီစဉ်ပေးထားမယ်၊ အန်ကယ် လိုအပ်တာမှန်သမျှ သုံးပါ၊ ဒါကိုလည်း ခွင့်ပြုမှ ဖြစ်မယ် အန်ကယ်ရေ"

ဦးမြင့်မောင် နှုတ်ဆက် ထွက်လာခဲ့တော့သည်။ သူ အခန်းအပြင်သို့ ရောက်လာချိန်တွင် ဧည့်ကြိုကလေးမလေးက လာရောက် စောင့်ကြိုရင်း-

"အန်ကယ်... ကိုဌေးဝင်းကို ခေါ်သွားပါ၊ သူ့ကားနဲ့ အန်ကယ့်ကို လိုက်ပို့ပါလိမ့်မယ်၊ လိုအပ်တာရှိရင် သူ့ကို ပြောပါ၊ သမီးတို့ ညနေကျရင် လာခဲ့ပါ့မယ် နော်"

"အေးကွယ်... ကျေးဇူးပါပဲ"

ဦးမြင့်မောင်က ကလေးမလေး လှမ်းခေါ်ပေးသည့် ယာဉ်မောင်း ကိုဌေးဝင်းကို စောင့်ခေါ်ရင်း ဆေးရုံကြီး ရေခဲတိုက်ဆီသို့ ထွက်လာခဲ့တော့သည်။ သူ့ကိုယ်သူလည်း ကျေနပ်နေတော့သည်။ သူသည် သမီးတစ်ယောက်လုံး ကုမ္ပဏီအတွက် လက်ဆောင်ပေးထားခဲ့သည်။ ကုမ္ပဏီတွင် သမီးသည် အခရာကျသော အစိတ်အပိုင်း ဖြစ်နေပြီ။ ဒါကို သူ အလိုလားဆုံးပင်။

"သမီးလေးကို ခေါ်ပေးပါ၊ သမီးလေးကို ခေါ်ပေးပါ"

mgyoe.com

m g y o e . c o m SAMPLE BOOK

ကျွတ်… သူ စုတ်သပ်ကာ ခေါင်းခါယမ်းလိုက်ပါသည်။ ကွယ်လွန်သွားရှာပြီဖြစ်သော ဇနီးသည်၏ မကွယ်လွန်မီ တစာစာ အော်နေသံများကို သူ ကြားမိလေတိုင်း ထိုစုတ်သပ်သံကို ပြုမိစမြဲ။ သူ့ကို ရက်စက်သူကြီးအဖြစ် အားလုံးက အပြစ်တင်ကြပေလိမ့်မည်။ ကိစ္စမရှိ။ သူ သိသည်ကား သမီးသည် အထွတ်အထိပ်သို့ ရောက်ရမည့် အရေးကိစ္စသာ ဖြစ်တော့သည်။

ယခုပင် ကြည့်ပါလေ။ ကုမ္ပဏီအတွက် သူ့နှလုံးသားကို စတေးခံပါကြောင်း အသိပေးခဲ့သည်ကော။ ထို့အတွက် ကုမ္ပဏီက ကျေးဇူးပြုလာခဲ့ပြီ မဟုတ်လား။ အိမ်မှာ ရောက်နေကြသည့် ဆွေမျိုးအပေါင်းတို့အလယ်တွင် သမီး၏ ကုမ္ပဏီမှ မည်သို့ စာနာပံ့ပိုးကူညီသည်ကို တွေ့ရပါလျှင် မည်သူက ထပ်မံ၍ သူ့အား အပြစ်တင်ဝံ့ပါမည်နည်း။ ဘဝကံဇာတာ အကျိုးပေးမလှ၍ အသက် ငါးဆယ်စွန်းစွန်းဖြင့် ကွယ်လွန်ခဲ့ရရှာသော ဇနီးသည်အတွက် အကောင်းဆုံး ဈာပနကို သူ ဆောင်ရွက်ပေးနိုင်တော့မည်။ မည်သူတွေ အပြစ်တင်ဝံ့ပါမည်နည်း။

◆

ချောင်းငယ်လေးကို လူကူးတံတားလေး၏ တစ်ဖက်ဆီမှ လှမ်းမြင်နေရသည်။ နွေးနွေးက တသွင်သွင် စီးနေသော ရေကို ကြည့်ရင်း ခေါ်သံကြားရာဆီသို့ လှမ်းကြည့်မိသည်။ သူ အရမ်းဝမ်းသာသွားမိသည်။ မေမေက သူ့ကို နှင်းဆီပန်းများ ပွေ့ပိုက်၍ လှမ်းခေါ်နေသည်။ သူက အပြေးအလွှားပင် မေမေ့ဆီ လျှောက်လာခဲ့သည်။ မေမေက တံတားတစ်ဖက်မှာ ရပ်နေရင်းကပင် စားပွဲဝိုင်းဆီသို့ ရောက်သွားပြန်သည်။ ဖေဖေ့ကိုပါ တွေ့နေရသည်။ မေမေ့လက်ထဲမှာ ခြင်းကြားကြီးတစ်လုံး ကိုင်ထား၏။ ဖေဖေက ခြင်းကြားကြီးထဲသို့ အဝတ်စများ ပစ်ထည့်နေသည်။ ခြင်းကြားကြီး တင်ထားသည့် ကျောက်စားပွဲကြီးက လည်နေပြန်သည်။ မေမေက ခြင်းကြားကြီးထဲသို့ ဝင်ဖို့ ကြိုးစားနေပြန်သည်။ မေမေ… ဟု သူ လှမ်းခေါ်သည်။ မေမေက သူ့ကို လှမ်းခေါ်နေသည်။ ဖေဖေက ကျောက်စားပွဲကြီးကို တွန်းလွှတ်သည်။

မေမေက သူ့ကို လက်လှမ်းပြရင်း လှမ်းအော်နေသည်။ မေမေ ဘာတွေ လှမ်းအော်နေသည်ကို သူ မသဲကွဲချေ။ သူ့နားထဲမှာ သမီးဟူသော

m.gyoe.com

mgyoe.com SAMPLE BOOK

အသံကို မကြားရ။ တတီတီ အသံကိုသာ ကြားနေရသည်။ သူက မေမေဟု အသံကုန် လှမ်းခေါ်နေဆဲမှာပင် ကျောက်စားပွဲကြီးက လွင့်မျောနေသည်။

"မေမေ… မေမေ…"

သူ ထပ်၍ အော်နေမိသည်။

တတီတီ အသံက ထပ်၍တိုးဝင်လာနေဆဲ။ မေမေ… ဟု အော်နေရင်း လန့်နိုးလာခဲ့သည်။ သူ့အာရုံများကို စုစည်းလိုက်သည့်အခါ အိပ်မက်ဟု ဝိုးတဝါး သိလာသည်။ နားထဲ၌ တတီတီ အသံက ကြားနေဆဲ။

မှန်သည်။

အခန်းတံခါးဆီမှ လူခေါ်ခေါင်းလောင်းသံ မြည်နေခြင်းပင်။ သူ လူးလဲ၍ထပြီး နာရီကို ကြည့်လိုက်သည်။ ည ဆယ့်တစ်နာရီဟု သိရ၏။ တယ်လီဖုန်းဆီသို့ အကြည့်ရောက်သွားပြန်သည်။ တယ်လီဖုန်း လက်ကိုင်က နေရာမကျသဖြင့် မီးလေး လင်းနေ၏။

သူ အခန်းတံခါးဆီသို့ ထွက်လာခဲ့သည်။ အပြင်ဘက်မှ ခေါင်းလောင်း တီးနေသူကို ချောင်းကြည့်မိပြီးနောက် တံခါးဖွင့်ပေးလိုက်ပါသည်။

ဟိုတယ်ဝန်ထမ်း အမျိုးသမီးတစ်ဦးကို တွေ့ရ၏။

"မစ္စနွေး၊ အရေးကြီးတဲ့ဖုန်း ဝင်လာတယ်၊ ကျွန်မတို့ ဖုန်းဆက်သွယ်တာ မရလို့ လာအကြောင်းကြားတာပါ၊ ဖုန်းပျက်နေပါသလားရှင်"

"တောင်းပန်ပါတယ်၊ ကျွန်မ ဖုန်းကို မေ့ပြီး မတင်မိလို့ပါ၊ အခုပဲ တင်လိုက်ပါ့မယ်၊ ကျေးဇူးပဲနော်၊ စကားမစပ် ဘယ်က ဖုန်းပါလဲရှင်"

"ရှင်တို့ကုမ္ပဏီကပဲ ဖုန်းဝင်လာပါလိမ့်မယ်"

ဝန်ထမ်း အမျိုးသမီးက ပြုံးရွှင်စွာ နှုတ်ခွန်းဆက်၍ ပြန်လည်ထွက်ခွာသွားတော့သည်။ နွေးနွေး တယ်လီဖုန်း ရှိရာသို့ အပြေးတစ်ပိုင်း လျှောက်လာပြီး တယ်လီဖုန်းကို နေရာကျအောင် ပြန်တင်လိုက်သည်။ မီးနီလေး မပြတော့။ သူ အိပ်ချင်စိတ်မပြေသေးသဖြင့် တစ်ချက် သမ်းဝေလိုက်သည်။ အာရုံများက ဝိုးတဝါး ဖြစ်နေဆဲပင်။ ခုတင်ပေါ်သို့ ပြန်မလှဲချမိမှာပင် တယ်လီဖုန်းမြည်သံ ထွက်လာခဲ့သည်။

"ဟယ်လို… နွေးနွေး ပြောနေပါတယ်"

"နွေးနွေးရေ… ဦးဇော်ပါ၊ မောနင်းဖလိုက်နဲ့ ခိုင်ရဲမင်းတို့ ပါလာလိမ့်မယ်၊ သမီး သွားကြိုပေးဦးနော်"

mgyoe.com

"ဟုတ်ကဲ့ ဦးဇော်၊ MAI နဲ့လား"

"Silk နဲ့ လာမှာ၊ သမီးရော အဆင်ပြေရဲ့လား၊ ဘာလိုသေးလဲ၊ ဗီဇာသက်တမ်းတိုးတာ ရရဲ့လား"

"ရတယ် ဦးဇော်၊ two week ထပ်ရတယ်၊ လာမယ့် Friday morning မှာ သူတို့နဲ့ final တွေ့ရမှာ၊ ပြီးရက် yes or no ကို ကုမ္ပဏီကို အကြောင်းကြားမယ်တဲ့"

"ဒါဆို Friday မှာ ပြန်လာခဲ့၊ ညနေ flight ရှိတာပဲ"

"ရှင်..."

"သြော်... သမီး ဟို... ပြန်ချင်နေမယ် ထင်လို့"

"Sunday မှ လာမလားလို့၊ ဂျပိုးဘက် သွားလည်ချင်လို့ပါ"

"ဆောရီးကွာ ဆောရီး၊ သမီး သဘောပဲလေ၊ ဒါပဲနော်"

"Friday ပြန်ဆိုလည်း ပြန်လာမယ်လေ၊ နော် ဦးဇော်"

"မဟုတ်ဘူး၊ နေပါ၊ ရတယ်၊ အလကား ပြောတာ၊ အိုကေ နော်"

တစ်ဖက်မှ ဖုန်းချသွားနှင့်ပြီ။ နွေးနွေး တစ်မျိုးတော့ ဖြစ်မိသည်။ သူ့ကို သောကြာနေ့ ပြန်လာခိုင်းသော ပထမလေသံက အလောတကြီးဆန်နေ၏။ ပြီးမှ ဘာကြောင့် ပြန်လျော့သွားသနည်း။

ဘာလိုလိုနှင့် စင်္ကာပူသို့ ရောက်နေသည်မှာ နှစ်ပတ်ကျော်ခဲ့ပြီ။ ပရောဂျက်ကိစ္စမှာ မပြီးပြတ်သေးပေ။ အခြေအနေကတော့ အကောင်းစားကြီး မဟုတ်သည့်တိုင် ပဏာမ တွေ့ဆုံခဲ့သည့် သုံးကြိမ်စလုံး အဆင်ပြေနေသည်။ မြန်မာပြည်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် တန်ဖိုးမြင့် အိမ်ရာစီမံကိန်းအတွက် ပဏာမ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးပြီ။ ပြည်တွင်းကန်ထရိုက်များကို ဆန်းစစ်လေ့လာနေကြခြင်းပင်။ ထိုပရောဂျက်ကို ရရှိခဲ့ပါက ကုမ္ပဏီအတွက် နောက်ထပ် ငါးနှစ်တာ ခရီးတွင် တိုးတက်မှု အများကြီး ဖြစ်ထွန်းမည်။ ပရောဂျက်ကြီးက ပေါ့ပေါ့သေးသေး မဟုတ်။ အဆင့်မြင့် လုံးချင်းတိုက်များ၊ ရှော့ပင်းမောများ၊ အပန်းဖြေ ကစားကွင်းများ ပါဝင်သည့် ပရောဂျက်ကြီး ဖြစ်သည်။ ထို့ပြင် စက်မှုလက်မှုလုပ်ငန်း၊ စက်ရုံများလည်း ပါဝင်သည်။ ထိုအထဲကမှ အိမ်ရာ စီမံကိန်းကို ကန်ထရိုက် ရရှိဖို့ လာရောက် ဆွေးနွေးရခြင်းပင်။

နွေးနွေး အိပ်ရာပေါ်သို့ ပြန်လှဲလျောင်းရင်း အိပ်မက်ဆီသို့ အတွေး ရောက်သွားပြန်သည်။ မနေ့ကပင် ဖေဖေနှင့် ဖုန်းပြောဖြစ်ခဲ့သည်။ ဖေဖေနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


မေမေတို့ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ကြမည်တဲ့။ သူသာ ရှိနေလျှင် မိသားစု သုံးယောက် ပျော်လိုက်မည်ဖြစ်ခြင်း။ အံ့အားသင့်စရာတော့ ကောင်းလှသည်။ ဖေဖေ့ထံမှ ထိုသို့သော လိုက်လျောမှုမျိုးကို မေမေ ဘယ်တုန်းကမှ မရခဲ့ချေ။ ဖေဖေ၏ တင်းကျပ်လှသော စည်းစနစ်အောက်တွင် မေမေရော၊ သူပါ စိတ်ကျဉ်းကျပ်စွာ နေလာခဲ့ကြရသည်မှာ နှစ်ပေါင်း သုံးဆယ် ပြည့်တော့မည်။ ဖေဖေ့ကို ကွယ်ရာမှာလည်း မဆန့်ကျင်ဝံ့။ ရှေ့တွင်လည်း အတိုက်အခံ မပြုဝံ့ခဲ့ကြပေ။ ဖေဖေ ရရှိသည့် မီးရထားစက်ဗိုလ်တစ်ဦး၏ လစာလေးနှင့်ပင် ဖေဖေ ဖြစ်စေချင်သော မိသားစုပုံစံကို တစ်သဝေမတိမ်း လိုက်နာခဲ့ကြရသည်ကိုး။

ဘာပဲဖြစ်ဖြစ် မေမေ့အတွက် ဝမ်းသာပါသည်။ မေမေ့ကို အခုလို စိတ်ချမ်းချမ်းသာသာ ရှိစေချင်လှသည်။ မေမေလည်း ပျော်နေတော့မှာပဲဟု တွေးကာ နွေးနွေးတစ်ယောက် ပြန်လည်အိပ်မောကျသွားပါလေပြီ။

◆

မုန့်ချပ်များ၏ တစ်ဖက်မှ လက်လှမ်းပြရင်း နွေးနွေး ဝမ်းသာရွှင်မြူးနေမိသည်။ ခိုင်ရဲလင်း၊ ကိုအေးသိန်းနှင့် ရတနာတို့ကို တွေ့လိုက်ရခြင်းကြောင့်ပင်။ ရတနာက မုန့်ချပ်များဆီသို့ အပြေးလေး လျှောက်လာသည်။ ခိုင်ရဲမင်းက လှမ်းခေါ်မှပင် ပစ္စည်းရွေးသည့် စက်ခုံဘက်သို့ ပြန်လှည့်သွားပြီး နွေးနွေးကို ခဏစောင့်ဖို့ လက်လှမ်းပြပါသည်။

ရတနာ့ကို ကြည့်၍ နွေးနွေး ရယ်နေမိသည်။ ခိုင်ရဲမင်းနှင့် စုံတွဲခုတ်လာရသည်မို့ ကျေနပ်နေပုံပင်။ သူတို့နှစ်ဦးစလုံး သီတင်းကျွတ်တွင် လက်ထပ်ကြတော့မည်။

နွေးနွေးက သူတို့ ပစ္စည်းရွေးပြီး ထွက်လာသည်အထိ စောင့်နေလိုက်သည်။ ထွက်လာချိန်တွင် ရတနာက သူ့ကို ပြေးဖက်ပါသည်။

"ငါ့သူငယ်ချင်း စက်ဘုယမ် ချစ်ချစ်နဲ့ တွေ့နေပြီ ကြားလို့ လိုက်လာတာ၊ ဘယ်မှာလဲ ပြော"

"အောင်မာ ကောင်မ... သူ့ဟာသူ လိုက်ချင်ရင် လိုက်ချင်တယ်ပေါ့၊ ဘာလို့ သူများကို လွှဲချရတာလဲ၊ ဟွန့်... အကြိုဟန်းနီးမွန်းပေါ့လေ"

mgyoe.com

mgyoe.com SAMPLE BOOK


"အေးဟ… နွေးနွေး ပြောတာ အမှန်ပဲ၊ ဦးဇော်က ငါ့ကို ကြိုက်တဲ့ လူ ခေါ်သွားလို့ ပြောတာ၊ အဲဒါဟော့ တစ်နေ့လုံး ဂျိုကျတော့တာပဲ၊ ငါ့ကို လုံချည်တစ်ထည်တောင် ကန်တော့သေးတယ်၊ ဒီပရောဂျက်မှာ သူ ဘာမှလည်း လုပ်နိုင်တာ မဟုတ်ဘဲနဲ့၊ အလကား"

"ဟွန်း… ကိုအေးသိန်းတို့ မြန်မာ ထမင်း ဟင်း ငတ်မှာစိုးလို့ လိုက်လာပေးတာနော်၊ အခု ပြန်သွားလို့ ရတယ်၊ ဘာမှတ်နေလဲ"

"အမယ်လေးလေး… နင့်ချစ်ချစ်ကိုတော့ ငါနဲ့ မထားခဲ့ပါနဲ့ မယ်မင်းကြီးမရယ်၊ နေခဲ့ပါတော်၊ ကန်တော့ပါရဲ့"

နွေးနွေး စကားကြောင့် ဟားတိုက်ရယ်မောဖြစ်ကြတော့သည်။ လေဆိပ်မှ ခရီးသည်များကပင် အပျော်မျက်နှာများဖြင့် သူတို့ကို လှမ်းကြည့်လာကြ၏။ ကိုအေးသိန်းက သတိပေးမှပင် ကားငှားရန်အတွက် ထွက်လာခဲ့ပါတော့သည်။ နွေးနွေးက တက္ကစီ စောင့်နေရင်းဖြင့်-

"နာတာပဲဟာ၊ မေမေတို့ ဘုရားဖူးထွက်သွားလို့ပေါ့၊ မဟုတ်ရင် ငါးသလောက်ပေါင်း ထည့်ပေးမှာ၊ မေမေက ငါ့ကို လုပ်ကျွေးနေကျဟာ၊ တကယ်နာတယ်ကွာ"

သူ့စကားကို ကျန်သုံးဦးစလုံး သံယောင်မလိုက်ဖြစ်ကြချေ။ ခိုင်ရဲမင်းက တံတောင်ဖြင့် တစ်ချက် တို့ရင်း ရတနာကို အချက်ပေးလိုက်သည်။ ရတနာက နွေးနွေးကို ငေးရင်း စဉ်းစားနေရာမှ-

"အမယ်… ဒီမှာ လက်ဖက်တွေလည်း ပါတယ်၊ ပုစွန်ခြောက် ထောင်းကြော်ရော၊ သရက်သီးသနပ်ရော အကုန်ပါတယ်၊ နင်နဲ့ ငါနဲ့ နှစ်ယောက်တည်းအတွက်ပဲ၊ သူတို့ဖို့တော့ မာမီးခေါက်ဆွဲ နေ့နဲ့ ညပဲနော်"

ရတနာ့ စကားကို ကျန်နှစ်ဦးက လိုက်ရယ်ပေးကြသည်။ သူတို့ ပြဇာတ်လေးက အသက်မပါသော်ငြား မဆိုးလှချေ။ နွေးနွေးတစ်ယောက် အမေ့အကြောင်း ပြောနေရာမှ ဂျပ်ဟိုးသို့ သွားလည်ကြမည့် အစီအစဉ်ဘက်သို့ စိတ်ပြောင်းပြီး ဝမ်းသာအားရ ပြောပြနေပါတော့သည်။

ရတနာ့အတွေးထဲ၌ နွေးနွေးကို ဖက်၍ အားရပါးရ နှစ်သိမ့်နေချင်လှပြီ။ သို့ရာတွင် သူ ပြောလို့ မဖြစ်သေး။ တကယ်တော့ ယခု စင်္ကာပူခရီးစဉ်အတွက် သူ လိုက်ခဲ့ဖို့ အစီအစဉ် မရှိ။ ဆရာဇော်က သူ့ကို တမင်ထည့်ပေးပြီး နွေးနွေးကို အလျှဉ်းသင့်သော အချိန်တွင် ကွယ်လွန်သွားရှာပြီဖြစ်သည့် မိခင်ကြီး

mgyoe.com

mgyoe SAMPLE BOOK

၏ ရှာပနကို ပြောပြဖို့အတွက် ခရီးစဉ်ထဲသို့ ထည့်ပေးလိုက်ခြင်းပင်။ အချစ်ဆုံး သူငယ်ချင်းပေမို့ ရတနာ မချိတင်ကဲ ဖြစ်နေမိပါသည်။ နွေးနွေးကို ဘယ်လို ပြောရပါ့။

ကိုအေးသိန်းက ကားရှေ့ခန်းတွင် စီးနင်းလာရင်း နောက်ကြည့်မှန်ထဲမှ လှမ်း၍ အကဲခတ်နေသည်။ ရတနာတစ်ယောက် မျက်နှာညှိုးနေသည်ကို တွေ့ရသဖြင့် –

"ဟော့ကောင်… ခိုင်ရဲ၊ ရတနာ သူ့အိမ်ကို ပြောလာတယ် ဆိုတာ ဟုတ်ရဲ့လား၊ ဟိုမှာ ငိုချင်နေပြီ၊ ချော့လိုက်ဦးကွ"

ကိုအေးသိန်း စကားကြောင့် ခိုင်ရဲမင်းက တံတောင်ဖြင့် လှမ်း၍ တို့လိုက်သည်။ နွေးနွေးက ရယ်ကာမောကာဖြင့် အိမ်လွမ်းနာ၊ အိမ်လွမ်းနာ… ဟု စ,နေလိုက်ပါတော့သည်။ ရတနာ မချိပြုံး ပြုံးရင်း နွေးနွေး လက်မောင်းကို လှမ်းထုနေရှာတော့၏။

◆

mgyoe.com

mgyoe.com SAMPLE BOOK

ရှောင်း သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေတော့သည်။

ဟန်းဖုန်း နံပါတ်များကို ပြန်ကြည့်ပြီး ထပ်၍ ခေါ်လိုက်ပြန်သည်။ တစ်ဖက်မှ မအားလပ်သေးကြောင်း ဖြေဆိုသံကို ထပ်ကြားရပြန်၏။

သူ ကုလားထိုင်ပေါ်မှ ထလိုက်သည်။ စားပွဲပေါ်မှ ဗီဒီယိုခွေနှင့် ဖိုင်တွဲများကို ချက်ချင်း ကောက်စုပြီး လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။

စာရေးမလေး စင်သီယာ အခန်းဝ၌ ပေါ်လာတော့သည်။

"ရုံးချုပ်ကို သွားမယ်၊ ကားပြင်ထား"

"နေ့လယ် တစ်နာရီ အစည်းအဝေး"

"ငါ ပြောနေတယ်၊ ကားပြင်ထား"

စင်သီယာ ပခုံးနှစ်ဖက် တွန့်ပြီး ပြန်လှည့်ထွက်သွားပါတော့သည်။ သူဌေးရှောင်း၏ ယာဉ်မောင်းဖြစ်သူကို လှမ်းအကြောင်းကြားပေးပြီးနောက် အစည်းအဝေး ကိစ္စကို တွေးရင်း နာရီကို ကြည့်လိုက်၏။ စက်ဘ်ပူ စံတော်ချိန် ၁၂း၃၀ နာရီ ရှိလေပြီ။ စင်သီယာ ခေါင်းကုတ်မိပြန်သည်။

ရှောင်းက အခန်းထဲမှ ထွက်လာပြီး သူ့ကို လှမ်းကြည့်လာပါသည်။ စင်သီယာ ခေါင်းညိတ်ပြပြီး သူဌေးဆီမှ ဗီဒီယိုခွေနှင့် ဖိုင်တွဲကို လှမ်းယူ၍ သူဌေးနှင့်အတူ ရုံးချုပ်သို့ လိုက်လာခဲ့တော့သည်။

mgyoe.com

SAMPLE BOOK


ကားပေါ် ရောက်လာချိန်တွင် ရှောင်းက ရုတ်တရက် မေးခွန်းထုတ်လိုက်ပါသည်။

"မင်း မှတ်မိသေးလား စင်သီယာ၊ ငါ့အဖေရဲ့ နာရေးကို မှတ်မိသေးလား"

"ဆောရီး… တစ်ခေါက်လောက် ပြောပါဦး ဆာ"

"ငါ့အဖေ ဆုံးတုန်းက ငါ L.A ကို ရောက်နေတယ်လေ၊ မင်း မှတ်မိသေးလားလို့"

"ဟုတ်… ကျွန်မ မှတ်မိပါတယ်"

"ဒါပေမဲ့ ငါ ဘယ်လို ခံစားရတယ် ဆိုတာ မင်း မသိပါဘူး"

စင်သီယာ ဘာမှ မပြောနိုင်သေး။

"ငါ တစ်သက်လုံး နောင်တ ရနေတာ အဲဒါပဲ"

"စိတ်မကောင်းပါဘူးရှင်၊ တကယ်ပါ"

"ငါ ဘာကို ဆိုလိုချင်တာ မင်း သိပြီလား"

"ရှင် ဒီပရောဂျက်ကို သုံးတော့မယ်ပေါ့"

ရှောင်းက ခေါင်းညိတ်နေပါသည်။ စင်သီယာက သူ ပွေ့ပိုက်ထားသည့် ဖိုင်တွဲကို လှန်ကြည့်လိုက်၏။ ဖြူစင်၍ အပြစ်ကင်းစင်သော နွေးနွေး၏ ဓာတ်ပုံသေးလေးနှင့် ကိုယ်ရေးအချက်အလက် CV ဖောင်။ ပြီးတော့ ပရောဂျက်အတွက် တင်ပြထားသည့် ပုံစံငယ်များ၊ လုပ်ငန်းစဉ်များနှင့် တင်ပြချက်များ ပါဝင်သည့် စာရွက်စာတမ်းများ။

"ငါ့ကို အကြောင်းကြားလာတုန်းက ဒီကိစ္စကို တကယ် မဟုတ်ဘူး ထင်လို့ မြန်မာပြည်ကို လှမ်းမေးကြည့်တယ်၊ ဟုတ်တယ်၊ သူ့အမေ သေတာ သူ မသိသေးဘူး၊ ဒီပရောဂျက်ကို ရဖို့ ကြိုးစားနေတာ သုံးပတ် ပြည့်တော့မယ်၊ မနက်ဖြန်ဆို သူ့အမေရဲ့ နောက်ဆုံးနေ့၊ ငါတို့ သူ့ကို အချိန်ဆွဲသလို ဖြစ်နေပြီလား၊ ဒါကြောင့် ရုံးချုပ်ကို ငါ တင်ပြပြီး ဒီကနေ့ပဲ အကြောင်းကြားလိုက်မယ်၊ သူ့အမေရဲ့သတင်းကို ကြားရင် သူ ဘာဖြစ်သွားမှာပါလိမ့်၊ ဘုရားရေ… ကလေးမလေး ဒုက္ခပဲနော်"

စင်သီယာတစ်ယောက် ပါးစပ်ကို လက်ဖြင့် ပိတ်၍ တအံ့တသြ ဖြစ်ရင်း ဘုရားတနေတော့သည်။ နွေးနွေး ဆိုသော အမျိုးသမီးကို သုံးကြိမ်တိုင်တိုင် ဧည့်ခန်းထဲတွင် သူကိုယ်တိုင် တွေ့ဆုံ စကားပြောခဲ့ပြီးပြီ။ အလွန်ပင်

mgyoe.com

ဖော်ရွေပြီး ချစ်စရာကောင်းလွန်းလှသဖြင့် လုပ်ငန်းနှင့် မပတ်သက်သော စကားများ ပြောဖြစ်ရင်း ခင်မင်ရင်းနှီးနေခဲ့ပြီ။ ယခုသတင်းကို ကြားရတော့ အံ့အားသင့်ရပြန်ပြီ။

"ရှင် ပြောတာ တကယ်လား၊ သူ့အမေ သေတာ သူ မသိဘူးနော်"

"အမှန်ပဲ စင်သီယာ၊ သူ့သူငယ်ချင်းက ငါ့ဆီ ဖုန်းဆက်ပြီး ရှင်းပြလို့ သိရတာ၊ ငါ မယုံကြည်လို့ မြန်မာပြည်မှာ လှမ်းစုံစမ်းပြီးပြီ၊ သူ့အမေ သေသွားတာ အမှန်ပဲ၊ သူ့ကို ဘယ်သူမှ မပြောကြသေးဘူး၊ သူ့သူငယ်ချင်းက မခံစားနိုင်တော့လို့ ငါ့ကို ဖုန်းလှမ်းဆက်တာ၊ ဒီပရောဂျက်ကို ဖျက်ပြီး ပြန်တော့မယ်တဲ့၊ ငါတို့ သူတို့ရဲ့ ခံနိုင်ရည်ကို စမ်းသပ်တာ လွန်သွားပြီ ထင်တယ်၊ ဒီပရောဂျက်အတွက် သူတို့ကို ငါတို့ ပဏာမရွေးလို့ရနေပြီ၊ ကဲ.. ငါ ဘာလုပ်ရမလဲ စင်သီယာ၊ ဒီကလေးမကို ငါ မျက်နှာချင်းမဆိုင်ရဲတော့ဘူး၊ မင်းပဲ ပြောတော့ကွာ နော်"

"ကျွန်မ... ဘုရားရေ"

စင်သီယာက ဘုရားတရင်း ခေါင်းခါပါတော့သည်။

သူတို့ကားလေးသည် Orchad လမ်းမကြီးပေါ်မှ ရုံးချုပ်အဆောက်အဦဆီသို့ ချိုးကွေ့ဝင်လာခဲ့လေပြီ။

"ဘုရားရေ..."

စင်သီယာထံမှ ထပ်မံ၍ ဘုရားတသံနှင့်အတူ သက်ပြင်းပူကြီးကို ချလိုက်သံ ထွက်လာပါတော့သည်။

◆

mgyoe.com

mgyoe.com SAMPLE BOOK

တောင်ကုန်းလေးပေါ်တွင် မေမေ ရပ်နေသည်။ မေမေ သူ့ကို ပါးစပ်ဟ၍ လှမ်းပြောနေသည်ကို သူ မြင်နေသော်ငြား မေမေ ဘာပြောနေသည်ကို မကြား ရ။ မေမေက သူ့ကို လက်နှစ်ဖက် ဆန့်တန်း၍ လှမ်းခေါ်နေသည်။ ချက်ချင်း ပင် မေမေ ရပ်နေသော တောင်ကုန်းသည် ပြိုဆင်းနေသည်။ မေမေက သူ့ကို ဆက်၍ လက်ဆန့်တန်းနေသည်။

"မေမေ..."

သူ အော်ဟစ် ခေါ်ဆိုရင်း လန့်၍နိုးလာခဲ့တော့သည်။

"မွေး..."

ရတနာက သူ့ကို လှမ်းဖက်ရင်း လှုပ်ခါနေပြန်သည်။

"မေမေ... မေမေ..."

သူ့အိပ်မက်မှာ မပြေသေး။ မေမေ့ကို စာစာစာ အော်ဟစ်နေမိသည်။ အမိမဲ့ ကလေးငယ်တစ်ဦးလိုပင် သူ ထပ်ခါတလဲလဲ အော်ဟစ်နေမိသည်။ ရတနာက ခုတင်ဘေးမှ မီးခလုတ်ကို ဖွင့်ပြီး ရေဘူးကိုယူ၍ ဖန်ခွက်ထဲသို့ ရေကို မြန်မြန်လောင်းထည့်သည်။

"မွေး... မွေး ရေ ရော့... ရေသောက်လိုက်ဦး"

"ရေ..."

mgyoe.com

"အေးလေ… နင် ယောင်နေတာ နွေးရဲ့၊ ရော့… ရေသောက်လိုက်ဦး"

"မေမေ ဘာဖြစ်နေပါလိမ့်၊ ငါ ခဏခဏ မက်နေတယ်"

"ဟဲ့ ငါလည်း မက်တာပဲ၊ ကဲပါ… ရော့ သောက်လိုက်"

နွေးနွေးက ရေခွက်ကို ပြန်မော့သောက်ပြီး ကိုင်ထားလိုက်သည်။ နာရီပြန် နှစ်ချက်ထိုးတော့မည်။

"မဟုတ်သေးဘူး၊ မေမေ တစ်ခုခု ဖြစ်နေပြီ၊ ငါ သိတယ်"

"ဟဲ့ နွေးနွေးနော်၊ ပေါက်ကရ မပြောနဲ့၊ ငါ အော်ငိုလိုက်မှာနော်"

နွေးနွေးက ရတနာ ငိုမဲ့မဲ့ ဖြစ်နေသည်ကို ကြည့်ပြီး ပြုံးနေလိုက်ပါသည်။

"ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲဟာ"

"အေး… အဲဒါဆိုလည်း ပြီးရော၊ ငါတော့ ခိုင်ရဲကို သွားနှိုးတော့မယ်၊ နင်နဲ့ မအိပ်တော့ဘူး"

ရတနာက ခုတင်ပေါ်မှထ၍ အခန်းတံခါးဝသို့ ထွက်လာခဲ့တော့သည်။

"ခဏနေဦး"

နွေးနွေးထံမှ တားမြစ်လိုက်သံကြောင့် ရတနာ တုံ့ခနဲ ဖြစ်သွားသည်။ နွေးနွေးက ရတနာ့ဆီသို့ လှမ်း၍ ကြည့်နေသည်။ ရတနာက လှည့်၍မကြည့်။ ရပ်မြဲ ရပ်နေ၏။ နွေးနွေးက ခုတင်ပေါ်မှ ထလာရင်း သူ့ စဉ်းစားမိသမျှ တစ်ဆင့်ချင်း ပြောပြလာသည်။

"နင် ဒီကို လိုက်လာတာ ဘာမှ ထူးထူးထွေထွေ လုပ်စရာလည်း မရှိဘူး၊ နင်တို့ မလာခင် တစ်ရက်မှာ ဖေဖေက ဘုရားဖူးထွက်မလို့ ဖုန်းဆက်တယ်၊ နင် ရောက်လာတော့လည်း ငါ့အဖေနဲ့ အမေအကြောင်း တစ်ခွန်းမှ မပြောဘူး၊ ပြီးတော့ နင်နဲ့ ခိုင်မြဲ ဘယ်မှ လျှောက်လည်တာလည်း ငါ မတွေ့ဘူး၊ ဂျပဟိုးကို သွားလည်ကြမယ် ဆိုတော့လည်း နင်တို့ စိတ်မပါသလိုဘဲ၊ သောကြာနေ့ပဲ ပြန်ချင်တယ်တဲ့၊ ဦးဇော်လည်း ငါ့ကို ပြန်လာစေချင်နေတယ်၊ အထူးသဖြင့် နင်ပဲ ရတနာ၊ နင် ငါ့ကို လေဆိပ်မှာ ကြည့်တဲ့ အကြည့်တွေ၊ နင် ငါ့ကို…"

mgyoe.com

ရတနာ ဆက်၍ နားမထောင်ရဲတော့ချေ။ အခန်းတံခါးဆီသို့ သုတ်ခြေတင်တော့သည်။ နွေးနွေးက အပြေးအလွှား ရှေ့မှ ပိတ်ဆို့၍ ရတနာကို စူးစိုက်ကြည့်လိုက်သည်။

"နွေး..."

ရတနာ ချက်ချင်းပင် ငိုချင်းချ၍ နွေးနွေး ရှေ့တွင် ဒူးတုပ်ထိုင်ချလိုက်တော့သည်။ နွေးနွေးကို မျက်နှာအပ်၍ ရှိုက်ကာရှိုက်ကာ ငိုချပါလေပြီ။ နွေးနွေးခမျာ အံကို တင်းတင်းကြိတ်ထားရှာ၏။

"နွေး... နွေး... ငါ့ကို ခွင့်လွှတ်ပါ၊ နင် ငါ့ကို ခွင့်လွှတ်ပါ"

နွေးနွေးထံမှ ဘာမှ မတုံ့ပြန်။ သူ စူးစိုက်ကြည့်နေရင်းက အိပ်မက်များကို တွေးလိုက်မိသည်။

"မေမေ..."

"နွေးရယ်... ငါလေ... ငါလေ..."

ရတနာသည် ဒူးတုပ်နေရာမှထ၍ နွေးနွေးကို အားပါးတရ တင်းကျပ်စွာ ဖက်ထားရှာသည်။

"ငါ ခံစားရလွန်းလို့ မတတ်နိုင်တော့ဘူး နွေးရယ်၊ ငါ အရမ်းကို ခံစားရပါတယ်၊ နွေး... နင် ငိုလေ... နင် ငိုလိုက်လေ၊ နင်..."

"မေမေ..."

"အို... နွေးရယ်၊ သူငယ်ချင်း ငိုပါလားကွာ၊ မင်း ငိုလိုက်ပါ သူငယ်ချင်းရယ်"

"ရက်စက်လိုက်တာဟာ"

"ငိုပါ နွေးရယ်၊ နင် ငိုပါ၊ ငါ တောင်းပန်ပါတယ်၊ နင် ငိုပါဟာ နော်..."

"ဒါ ဖေဖေ့လက်ချက်ပဲ"

"ဟုတ်တယ်၊ နင့်အဖေကို ငါ အရမ်းမုန်းတယ် သိလား"

ရတနာက မျက်ရည်များကို လက်ဖျံဖြင့် သုတ်ရင်း ခံစားချက်များကို ဖွင့်ဟပါလေတော့သည်။

တကယ်တော့ နွေးနွေး အမေ အရေးပေါ် ဆေးရုံတင်ရမည့် နေ့မှာပင် ရတနာ ဆေးရုံသို့ ရောက်ခဲ့ပါသည်။ လူနာရှင် ဦးမြင့်မောင်က ကိစ္စအဝဝကို မည်သူ့ကိုမှ မပြောရဟု အတင်းအကျပ် ပိတ်ပင်ခဲ့သဖြင့် ဆရာဇော်ကိုပင်

mgyobe.com

 mgyoe.com SAMPLE BOOK 

အသိမပေးဖြစ်ခဲ့ချေ။ ဆေးရုံသို့လည်း နောက်ထပ် မသွားလိုတော့သဖြင့် နေလာခဲ့ဖြစ်သည်။ နွေးနွေး အမေ ဆုံးချိန်တွင် ဦးမြင့်မောင်ကို ပို၍ ခွင့်မလွှတ်ချင်တော့ပြီ။

"ဖေဖေ ရက်စက်တယ်ဟာ"

နွေးနွေးက ရင်ထဲမှ လျှံထွက်လာသော အသံဖြင့် ပြောလာသည်။ ပါးပြင်ဆီသို့ စီးကျလာသည့် မျက်ရည်များကို ရတနာက သုတ်ပေးနေတော့၏။ နွေးနွေးက ထပ်၍ ပြောလာပြန်သည်။

"ဖေဖေ အရမ်းရက်စက်တယ်"

|◆|

mgyoe.com

mgyoe.com SAMPLE BOOK

ခရီးရောက်မဆိုက်မှာပင် ဆရာစိုးထံမှ ကြားလိုက်ရသော မင်္ဂလာစကားကြောင့် ကျော်ကျော် ဝမ်းသာသွားမိသည်။

"ဝမ်းသာလိုက်တာ ဗိုလ်စိုးရယ်၊ ဟား ဟား… ဒေါ်လာ နှစ်ထောင် ကျော်တန် Lens ကို ကိုင်ဖူးတော့မှာပါလား"

ဆရာစိုးက ပါးစပ်လှုပ်၍ ဆဲလိုက်မိသည်။

"… နှစ်ထောင့်ခြောက်ရာကွ၊ လခွေးမှပဲ၊ ငါ့နာမည်ပျက်အောင် တော့ မလုပ်နဲ့နော်"

"ရက်စ် ဆာ"

ကျော်ကျော်က လွယ်ထိုးဦးထုပ်ကို ချွတ်၍ ဦးညွတ် အရိုအသေပြုရင်း အတွင်းခန်းဆီသို့ လှမ်းဝင်လာခဲ့သည်။ ထပ်ခိုးခန်းဆီ၌ သင်တန်း ပို့ချသံကို ကြားနေရ၏။ ကိုသူရက အသံပြာပြာဖြင့် သင်ခန်းစာ ပို့ချနေခြင်းပင်။

ကျော်ကျော် အဝတ်အစားများ ချွတ်၍ ရေချိုးရန် ပြင်ဆင်နေသည်။ နှစ်ရက်လုံးလုံး ဓာတ်ပုံတိုက်သို့ မရောက်ဖြစ်။ ဆရာစိုးထံမှ ခွင့်ယူပြီး out-door ထွက်နေမိခြင်းပင်။ လာမည့် ဆောင်းရာသီ ဓာတ်ပုံပြပွဲအတွက် ကြိုတင်၍ ပြင်ဆင်နေရသည်မို့ ဆရာစိုးက ဘာမှ မပြော။ ယနေ့ ကျော်ကျော် ရလာခဲ့သော ပုံများကို ပြလိုက်လျှင် ဆရာစိုး ကျေနပ်သွားပါလိမ့်မည်။ သူက

mgyoe.com

mgyoe.com

ငယ်စဉ်ကပင် ဆရာစိုးအား အဖေတို့ ခေါ်သည့်အတိုင်း ဗိုလ်စိုးဟုပင် နှုတ်ကျိုးနေခဲ့ပြီ။ သူ ဗိုလ်စိုးထံတွင် နေလာခဲ့သည်မှာ ဆယ့်ငါးနှစ်နီးပါး ရှိတော့မည်။ လူပျိုကြီးဖြစ်သော ဗိုလ်စိုးထံတွင် ပညာလည်းသင်၊ သားတပည့်အဖြစ်လည်း ခံယူရင်း သူ ကျင်လည်ချင်သော Natural Life Pro ဓာတ်ပုံသမား ဖြစ်ရန် ကြိုးစားလာခဲ့သည်။

ယနေ့ ဓာတ်ပုံပညာသည် ကမ္ဘာ့ဆန်ခဲ့လေပြီ။

ဓာတ်ပုံတစ်ပုံ၏ အရေးပါမှုသည် ကမ္ဘာချီသည့် အောင်မြင်မှုများဖြင့် ယှက်နွှယ်လာခဲ့ပြီ။ ထို့အတူ ပေါ်ပေါက်လာခဲ့သော နည်းပညာများကလည်း အံ့မခန်းပင် ဖြစ်ခဲ့ပြီ။ လူတို့၏ဘဝ၊ လူတို့၏ ခံစားချက်၊ ရေ မြေ တော တောင် ပထဝီတို့၏ လှပဆန်းကြယ်မှု၊ လူနေမှုဘဝတို့၏ ကြေးမုံပြင်၊ သတင်းတို့၏ ပန်းချီတန်ဆာ၊ သမိုင်းကို ပုံဖော်နေသည့် ပုံရိပ်များ၊ အလှတရားတို့၏ ဗဟိုချက် စသည့် အဓိပ္ပာယ်ပေါင်းများစွာတို့သည် ဓာတ်ပုံပညာတွင် အခန်းကဏ္ဍအသီးသီး ခိုင်မာလာခဲ့ကြပြီ။

လျှပ်တစ်ပြက်အတွင်းမှာပင် ခံစားချက်များကို တဝကြီး ပြောပြနေသည့် ဓာတ်ပုံများ၊ ပြိုင်ပွဲများ၊ ဓာတ်ပုံဈေးကွက်များက စီးပွားရေးဈေးကွက် အတွင်း ပျံ့နှံ့ထိုးဖောက်လာကြသည်။ ဓာတ်ပုံများသည် စကားပြောနေကြ သည်။ ထို့အတူ ခက်ခဲနက်နဲသော ဓာတ်ပုံပညာကို အသက်မွေးကြောင်းပညာရပ် အဖြစ် ကမ္ဘာအနှံ့ သင်ယူလာကြသည်ကော။

အာရှတိုက်သည် တစ်မဟုတ်ချင်း ဖွံ့ဖြိုးတိုးတက်လာသည်။ ကမ္ဘာကျော် Pro ဓာတ်ပုံသမားတို့သည်လည်း အာရှအပေါ် အာရုံကျလာကြသည်။ အာရှတိုက်၏ အလှ၊ အာရှတိုက်၏ ယဉ်ကျေးမှု၊ အာရှတိုက်၏ လူမှုဘဝများ သည် ဓာတ်ပုံသမားတို့၏ ကင်မရာရိုက်ချက်များအောက်တွင် သက်ဝင်လာကြ သည်။ အာရှဓာတ်ပုံများမှ ပြောသော စကားများသည် ကမ္ဘာ့ပြည်သူများ၏ နှလုံးသားကို ဆွဲကိုင်လှုပ်ရှားစေခဲ့ပြီ။

ထို့အတူ မြန်မာနိုင်ငံသည် သဘာဝရေမြေ တော တောင်နှင့် ရိုးရာဂုဏ် ပြည့်သော ယဉ်ကျေးမှု၊ အေးစက်သော ဘဝဟန်ပန်များ၊ ရှေးဆန်သော လူနေမှုဘဝ ပုံရိပ်များဖြင့် ကမ္ဘာ့ဓာတ်ပုံသမားများအပေါ် ဆွဲဆောင်နေတော့ သည်။ ထိုဓာတ်ပုံသမားများကြောင့်ပင် ပြည်တွင်းမှ ဝါသနာရှင်များ ပေါ်ထွက် လာခဲ့ကြသည်။ ဓာတ်ပုံသည် ဘာသာစကား မလို။ အတန်းပညာ မလို။

mgyoe.com

mgyee.com SAMPLE BOOK

ဂုဏ်ဓနစည်းစိမ် မလို။ အဆင့်အတန်း မလို။ မည်သူမဆို ဝါသနာအရင်းခံလျှင် ဓာတ်ပုံသမား ဖြစ်နိုင်သည်ချည်းပင်။

ကျော်ကျော့်ကို ဆရာစိုး ပုဂံမှာ စတွေ့စဉ်ကပင် ပြုစုပျိုးထောင်ပေးလျှင် အရည်အသွေး ပြည့်ဝသော ကင်မရာသမား ဖြစ်လာမည်ကို ရိပ်စားမိခဲ့သည်။ ထို့ကြောင့်ပင် သူငယ်ချင်းဖြစ်သူ ဇနီးမောင်နှံထံမှ တောင်းယူ၍ ရန်ကုန်ကို ခေါ်လာခဲ့မိသည်။ ကျောင်းပညာကို ဆက်လက် သင်ယူစေပြီး ကလေးအရွယ်မှာပင် ကင်မရာကိုင်ခွင့် ပေးခဲ့သည်။

ကျော်ကျော့်ကို ဆရာစိုးသာလျှင် မဟုတ်။ နိုင်ငံတကာမှ ရောက်လာကြသော Pro ဓာတ်ပုံသမားများကပင် တစ်နေ့တွင် Pro ဓာတ်ပုံသမား ဖြစ်လာမည်ဟု ဟောကိန်းထုတ်ကြသည်။ ကျော်ကျော့်အတွက် အားသာချက်မှာ ငယ်စဉ်ကပင် မိဘများက အင်္ဂလိပ်စကားပြောကို လေ့ကျင့် သင်ကြားပေးထားခြင်းပင်။ ဆရာစိုးထံမှလည်း အထူးဂရုစိုက်၍ သင်ကြားစေခဲ့သဖြင့် အင်္ဂလိပ်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းလာခဲ့သည်။

ပြည်တွင်းခရီးသွားကုမ္ပဏီများက မကြာခဏ ဆရာစိုးအား ပြည်တွင်းခရီးစဉ်များတွင် နိုင်ငံတကာမှ Pro ဓာတ်ပုံသမားများနှင့် လိုက်ပါပေးပါရန် ဖိတ်ခေါ်တတ်သည်။ ထိုခရီးစဉ်များတွင် ဆရာစိုးက ကျော်ကျော့်ကို ခေါ်သွားလေ့ရှိသည်။ ဤသို့ဖြင့် ကျော်ကျော်တစ်ယောက် ဓာတ်ပုံသမားတစ်ဦး ဖြစ်လာခဲ့တော့သည်။

ကျော်ကျော် သီးခြားဝါသနာပါသည်ကား စာဖတ်ခြင်း ဖြစ်သည်။ ရသဝတ္ထုများကို စွဲစွဲမြဲမြဲ ဖတ်လေ့ရှိသလို ကင်မရာနှင့် ပတ်သက်သော စာအုပ်မျိုးစုံကို မလွတ်တမ်း ဖတ်လေ့ရှိသည်။ ထို့ကြောင့် ဆရာစိုး၏ ဓာတ်ပုံသင်တန်းတွင် အသက် နှစ်ဆယ်ကပင် စ၍ အချိန်ပိုင်းနည်းပြ လုပ်နိုင်ခဲ့ခြင်းပင်။ လက်တွေ့ပိုင်းမှာလည်း ကျော်ကျော်က အားကိုးရပြန်သည်။ ဓာတ်ပုံသင်တန်းဟူသည်ကား အောက်ဒိုးဖြင့် ပညာရှာရသည်က အဓိကပေကိုး။ အောက်ဒိုးဖြင့်သာ လက်တွေ့တတ်မြောက်သည့် သင်ခန်းစာများ ပြည့်နှက်နေသည်ကော။

"ဗိုလ်စိုး၊ ခေါ်နေတယ်၊ သူနဲ့ လိုက်ခဲ့ဦးတဲ့"

ခေါင်းမှ ရေစိုဆံပင်များကို သုတ်နေသည့် ကျော်ကျော့်ကို သင်တန်းချိန် ပြီး၍ ထွက်လာသည့် ကိုသူရက ဆိုင်ရှေ့မှ လှမ်း၍အသံပြုလိုက်သည်။

mgyee.com

ကျော်ကျော် တဘက်ကို ပြန်ချိတ်၍ ဆံပင်ကို ရေခြောက်စေရန် ခါယမ်းပြီး စွပ်ကျယ်အင်္ကျီကို ချိတ်မှ ဖြုတ်လိုက်သည်။ သူ ဆိုင်ရှေ့သို့ ထွက်လာချိန်တွင် ဆရာစိုးက ကားသော့ ကိုင်ပြီး သူ့ကို စောင့်နေသည်။

"လာကွာ… ကျော်ကျော်၊ အခုပဲ ဖုန်းထပ်ဆက်တယ်၊ သွားကြည့်ရအောင်"

ဆရာစိုးက ကားသော့ကို ကျော်ကျော့်ဆီသို့ လှမ်းပစ်ပေးလိုက်သည်။ ကျော်ကျော် အခန်းထဲသို့ ပြန်ဝင်၍ မနက်က ဝတ်ခဲ့သော ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်၍ ဘောင်းဘီထဲ ထိုးသွင်းပြီး ပြန်ထွက်လာခဲ့တော့သည်။

ကားပေါ် ရောက်ချိန်တွင် ဆရာစိုးက ဗိုလ်ချုပ်လမ်းကို မောင်းဟု ပြောလာတော့သည်။ ၂က/…. စူပါဆလွန်းကားဖြူလေးကို လမ်းမပေါ်သို့ မောင်းတင်ရင်း ကျော်ကျော် ကားကက်ဆက်ခလုတ်ကို ဖွင့်လိုက်ပြန်သည်။

"ပိတ်ထားပါဦးကွာ၊ ငါ ပြောစရာရှိလို့၊ မင်း ဟိုရောက်ရင်…"

ဆရာစိုးက စကားဖြတ်လိုက်ရင်း အင်္ကျီအိတ်ကပ်များကို မွှေနှောက်၍ ရှာနေတော့သည်။ ရှာနေရင်းမှပင်…

"ငါလည်ခွေးမှပဲ၊ လိပ်စာတော့ ပျောက်ပြီဟေ့"

"လူဇော်ဝင်းကုမ္ပဏီကို ကျွန်တော် သိပါတယ် ဗိုလ်စိုးရာ"

"ဟ အေး… နာမည်ကြီးပဲဟာ၊ ငါ မေ့နေတယ်ဟေ့၊ ကဲ… အဲဒီကို မောင်း၊ မင်း ဟိုရောက်ရင်…"

"အလုပ်ကို ငါပဲ ပြောမယ်၊ မင်း မပြောနဲ့၊ ဒါပဲ ပြောမလို့ မဟုတ်လား"

"အေး… ဒီတစ်ခါတော့ မင်းပဲပြော၊ ငါ မပြောဘူး"

ကျော်ကျော်က အံ့အားသင့်ပြီး ဟုတ်ရဲ့လားဟူသော အကြည့်ဖြင့် လှမ်းကြည့်လာသည်။

"အေးလေ… မင်းပဲ သူတို့ လိုချင်တဲ့ ဟိုတယ်လက်ကမ်းကြော်ငြာ ပုံတွေ ရဖို့ ဟုတ်လား၊ Lens ကောင်းကောင်း ရှာပေးပါဆို၊ အခု ဝယ်ပြီးပြီ လေ၊ မင်းဟာမင်း တာဝန်ယူပေါ့ကွ၊ ငါက အသက်ကြီးနေပြီ၊ ပြီးတော့ ကြော်ငြာပုံတွေလည်း ငါ မရိုက်ချင်တော့ဘူးကွ"

"Lens ဝယ်ဖို့က ဗိုလ်စိုး အကြံပေးတာပါဗျာ"

mgyoe.com

SAMPLE BOOK

"ဟာ… ဟော့ကောင် မင်း အခုမှ ငါ့ကို ဆွဲမထည့်နဲ့၊ ငါ ပြောတာက ငါတို့မှာ Lens ကောင်းကောင်းရှိရင် ကောင်းမယ်လို့ပဲ ပြောတာ၊ ဒါလည်း မင်း နမူနာရိုက်လာတဲ့ ပုံတွေကို ကြည့်ပြီး မင်း စိတ်တိုင်းမကျဘူးဆိုလို့ ငါ ပြောပြတာ၊ ငါနဲ့ ဘာမှ မဆိုင်ဘူး"

"ဒါဆိုလည်း မသွားနဲ့ပေါ့ ဗိုလ်စိုးရာ"

"ကောင်းမလားကွ၊ ငါ့လခွေးမှပဲ၊ ဟိုက ဝယ်ပြီးနေပြီ၊ အဲဒါကြောင့် ဟိုကျရင် မင်းဟာမင်း ပြောလို့ ငါ ပြောတာ၊ ငါ့ ဆွဲမထည့်နဲ့တော့၊ ငါလည်း အသက်ကြီးနေပြီကွ၊ နယ်တကာ့နယ် လျှောက်မရိုက်ပေးနိုင်ဘူး"

ကျော်ကျော်က ဘာမှ ဆက်မပြောတော့။

ကားကက်ဆက်ကို ဖွင့်လိုက်ပြီး ခင်မောင်တိုး၏ 'ပန်းချစ်သူ' သီချင်းကို သံယောင်လိုက်၍ ဆိုနေလိုက်တော့သည်။

◆

mgyoe.com

mgyoe.com SAMPLE BOOK

ပါကင်ထုပ်ထားသည့် Lens ဘူးကြီးနှင့်အတူ ကာစတန်ဂျူတီ ဆောင်ထားသည့် ဖြတ်ပိုင်းလေးပါ ထိုဘူးကြီး ထည့်ထားသည့် အိတ်ထဲမှ ထွက်ကျလာသည်။

နို့နှစ်ရောင် Lens ကြီးက ဘူးခွံကာဗာပေါ်တွင် ကျက်သရေရှိစွာ ဝင့်ထည်နေတော့၏။ ဆရာစိုးက ဖြည်းဖြည်းနော်ဟု စိုးရိမ်တကြီး သတိပေးလာသည်။ ဒေါ်လာ နှစ်ထောင်ကျော်သည့် Lens ကြီးကို ကိုင်တွယ်ရတော့မည်မို့ ကျော်ကျော်လည်း ရင်တွေတုန်နေသည်။ ထို Lens ကြီးကို အင်တာနက်ထဲမှာ ကျော်ကျော် ရှာတွေ့ခဲ့ခြင်းပင်။ ကုမ္ပဏီက လိုချင်သည့် Lens ကို ရှာပေးမည်ဟု ခွင့်ပြုလာခဲ့သောကြောင့် အင်တာနက်ထဲမှ ရှာခဲ့မိသည်။ ပြီးတော့ ကုမ္ပဏီမှ ပေးသည့် email လိပ်စာရှင်ထံသို့ ဖိုင်တွဲ၍ ကလစ်လုပ်ပြီး ပို့ပေးခဲ့သည်။ တစ်ပတ်ကျော်အကြာတွင် ကုမ္ပဏီမှ အကြောင်းကြားလာသည်။ စင်္ကာပူမှ ကျော်ကျော် မှာထားသည့် Lens နှင့် စာအုပ် ရောက်လာပြီဟု။

သူတို့ ကြည့်ရှုနေဆဲမှာပင် ဦးဇော် ရောက်လာသည်။

"ဆောရီး··· အန်ကယ်စိုးရေ၊ အလုပ်ကိစ္စလေး အရေးပေါ်သွားနေရလို့၊ ဘယ်လိုလဲ ကျော်ကျော်၊ ဒါနဲ့ဆို ဖြစ်ရဲ့လား"

ကျော်ကျော်က ကတ်တလောက်ကို ဖတ်နေရင်း အိတ်ခွံထဲသို့ ထပ်မံ၍ ရှာဖွေနေပြန်သည်။ ဦးဇော်က မေးခွန်းထုတ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာလဲ ကျော်ကျော်"

"ကျွန်တော် စာအုပ် မှာထားသေးတယ်"

"စာအုပ်..."

ဦးဇော်က မျက်မှောင်ကုတ်ရင်း ဝန်ထမ်း ကလေးမလေးတစ်ဦးကို လှမ်း၍ မေးမြန်းပြန်သည်။ ထိုကလေးမလေးက-

"မနွေး ပေးသွားတာ အဲဒါပဲ၊ စာအုပ် မပါဘူး"

ကျော်ကျော်က အိတ်ခွံထဲမှ ဘောင်ချာလေးတစ်ရွက်ကို ထုတ်ကြည့်ရင်း-

"မဟုတ်ဘူးဗျ၊ ဒီမှာ စာအုပ်ဘောင်ချာ ပါတယ်၊ ကျွန်တော် မှာတာလည်း Popular Book House က မှာတာပဲ၊ ဒီမှာလေ"

ဦးဇော်က ကျော်ကျော် ကမ်းပေးသော ဘောင်ချာလေးကို လှမ်းယူ၍ ကြည့်လိုက်သည်။

"နွေးနွေးဆီ ပါသွားတာနေမယ်၊ ရပါတယ်၊ သူ့အိမ်မှာ နာရေးကိစ္စဖြစ်နေလို့၊ နောက်နေ့ကျရင် ဦးဇော် လာပို့ပေးမယ်၊ ဟုတ်ပြီလား"

"အိုကေလေ... ဒါဆို ကျွန်တော် ဒါကို ယူသွားမယ်၊ ခရီးစဉ်ကိုတော့ ဦးဇော်တို့ပဲ ဆွဲလိုက်ပါ၊ ကျွန်တော့်ဘက်က အဆင်သင့်ပဲ၊ ပထမတစ်ခေါက် နမူနာရိုက်ပြီးသားဆိုတော့ ကျွန်တော့်အတွက် မခက်တော့ဘူး၊ နယ်က ဟိုတယ်တွေကို အရင်ရိုက်ရမှာမို့လား"

ဦးဇော်က ခေါင်းညိတ်နေသည်။ ပြီးတော့မှ တနင်္ဂနွေနေ့ညနေလောက် ပြင်ဆင်ထားဖို့ ပြောလာတော့သည်။

ကျော်ကျော်က Lens ဘူးကြီးကို ပွေ့၍ ကားဆီသို့ သုတ်ခြေတင်လာပါသည်။ ဆရာစိုးက ထုံးစံအတိုင်း ဆူပူကြိမ်းမောင်း၍ လိုက်လာတော့၏။

"မအေပေး... မင်း လမ်းစရိတ် ငါ့ဆီ လာမတောင်းနဲ့၊ အလုပ်ကို အလုပ်နဲ့ တူအောင် လုပ်ပါလို့ ခဏခဏ ပြောတယ်၊ စကားကို ဘယ်တော့မှ ပြတ်အောင် မပြောဘူး၊ ကိုယ်က အလုပ်တွေ ဖျက်ပြီး သွားရမှာ၊ တန်ရာတန်ကြေး ပြောပြီးလုပ်တော့ နောက် စကားမပြောရဘူးပေါ့ကွ၊ မင်းဟာက ခွေးအမဲရိုး တွေ့တာကျနေတာပဲ၊ Lens တစ်ခု ဝယ်ပေးလိုက်တာနဲ့ ချက်ချင်း လုပ်ပေးပါ့မယ် ဖြစ်တော့တာပဲ၊ ဘာမှကို ဈေးနှုန်းစကား မပြောဘူး၊ ကဲ... မင်းကို တန်ရာတန်ကြေး မပေးရင် ဘယ့်နှယ် လုပ်မလဲ"

mgyoe.com

ကျော်ကျော်က ဘာမှ မပြော။

Lens ဘူးကြီးကို ပွေ့ဖက်ရင်း ရယ်မောနေသည်။

"မင်း တော်တော်ခက်တဲ့ကောင်ပဲ၊ အဲဒါကြီး တစ်ခုခု ဖြစ်ရင် ငါ့ခေါင်း လာစွပ်ဦးမယ်၊ ကဲ... ငါ မေးမယ်၊ မင်း အခု ခရီးစရိတ် ရှိလား"

"မလိုဘူးလေ၊ သူတို့ကုမ္ပဏီက အကုန်စီစဉ်ပေးမှာ၊ တည်းရမှာလည်း သူတို့ဟိုတယ်တွေမှာ တည်းရမှာ၊ ဘာမှ မလိုဘူး"

"ဒါဆို မင်းက အလကားရိုက်ပေးမှာပေါ့"

"ဒါကြီး ပေးလိုက်ပြီပဲ ဗိုလ်စိုးရာ... ကျွန်တော့်ဘာသာ တခြားပုံတွေ လျှောက်ရိုက်မှာပေါ့"

"သောက်... ကောင်းကွာ၊ မြင်းကို ချိုတပ်မိပြီဟေ့"

ဆရာစိုး စကားအဆုံးတွင် ကျော်ကျော် ကားကို စက်နှိုး၍ ထွက်လာခဲ့ပါတော့သည်။ လေးနှစ်ကျော် သူ မက်မောခဲ့သော အိပ်မက်ကြီးကို ယခုတော့ အကောင်အထည်ဖော်ခွင့် ရလေပြီ။ နိုင်ငံတကာမှ ဓာတ်ပုံသမားများနှင့် လိုက်ပါခဲ့လေတိုင်း တွေ့မြင်အားကျနေမိသည့် တန်ဖိုးကြီး Lens များ၊ ထိုမှ ထွက်ပေါ်လာသည့် အံ့အားသင့်ဖွယ်ရာ ဓာတ်ပုံများ။ ယခုတော့ ကျော်ကျော့် လက်ထဲမှာ ကမ္ဘာ့တန်းဝင် Lens ကြီးကို ကိုင်လာမိပြီ။ ဓာတ်ပုံသမားချင်းပင် အားကျငေးမောစေမည့် Lens ကြီးကို သူ ကိုင်ရတော့မည်။ ဘာအဖိုးအခ တောင်းနေဦးမည်နည်း။ ဤသည်ပင် သူ့အတွက် အဖိုးမဖြတ်နိုင်သော ဆုလာဘ်ကြီး ဖြစ်ခဲ့ပြီ မဟုတ်လော။ ကျော်ကျော် သီချင်းသံကို လိုက်ဆိုနေသည်။

"ဆွတ်ချူမယ့် ကြဲရွှယ်ကာပင်... ယုယစွာ ထွေးပွေ့ထားချင်တယ်"

ကက်ဆက်ထဲမှ ထွက်ပေါ်လာသော တေးသီချင်းသံကို သံယောင်လိုက်၍ ဆိုပြီးချိန်တွင် ဆရာစိုးက ဒေါက်ခနဲ ကက်ဆက်ကို ပိတ်ချလိုက်တော့သည်။

◆

ဟိုတယ်၏ ညှိခန်းဆောင်တွင် မစ္စတာလီပင်း ထိုင်စောင့်နေသည်မှာ မိနစ် လေးဆယ် ပြည့်တော့မည်။ ပြည်မကြီးမှ အဝယ်တော်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည့် ကာလတစ်လျှောက်လုံး ယခုကဲ့သို့ စောင့်စားရသော ကာလကို မကြုံဖူးသေး။ သူနှင့်အတူ ထိုင်နေသော အသားဖြူဖြူ

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်နေဟန် ပိန်ပိန်ပါးပါး၊ မျက်နှာသွယ်သွယ်၊ မျက်ခုံးမွေး ထူထူနှင့် ဥပဓိရုပ် သန့်ပြန့်သော အကျိုးဆောင်ဖြစ်သူ ကိုဇော်မင်းက အားတုံ့အားနာ ဖြစ်လာသောကြောင့် ဟန်းဖုန်းကို လှမ်းဆက်ပြန်သည်။ ဖုန်းမအားသေးပါဟူသော ဖြေကြားချက်ကိုသာ ရပြန်၏။

မစ္စတာလီပင်းက တရုတ်ဘာသာစကားဖြင့် မေးမြန်းလာပြန်သည်။

"ဝတို့ ဘယ်လောက် စောင့်ရဦးမှာလဲ"

"မပြောတတ်ဘူး ထောင်ကဲ၊ လာခါနီးပါပြီ"

သူ့အဖြေစကားကြောင့် မစ္စတာလီပင်း ခေါင်းခါပြီး ညည်းတွားဆဲဆိုလိုက်သည်ကို သူ စောဒကမတက်ဝံ့။ သည်ပွဲကိုလည်း မဖျက်ဝံ့ချေ။ ပိုင်ရှင်က တိုက်ရိုက်တွေ့ဆုံခွင့် မရ။ လူယုံတော်မှတစ်ဆင့်သာ ပစ္စည်းကို ကြည့်ရှုပါရန် အဖြေပေးခဲ့သည်။ ပစ္စည်းတန်ဖိုးက ဒေါ်လာသိန်းဂဏန်း ဖြစ်နေသည်မို့ ယခုလို သည်းခံနေခြင်းပင်။

သူတို့ဆီသို့ ကောင်တာမှ ဝန်ထမ်းအမျိုးသမီးလေး တစ်ဦး လျှောက်လာ၍ တယ်လီဖုန်း လာနေကြောင်း အကြောင်းကြားလာသည်။ ကိုဇော်မင်းကမန်းကတန်း ဘာသာပြန်ပေးပြီး တယ်လီဖုန်း ရှိရာ ကောင်တာသို့ လိုက်သွားပါတော့သည်။

တယ်လီဖုန်း ဖြေပြီးနောက် တက်ကြွရွှင်လန်းစွာဖြင့် မစ္စတာလီပင်း ထံသို့ အပြေးတစ်ပိုင်း လျှောက်လာရင်း-

"ကြည့်လို့ရပြီတဲ့ ထောင်ကဲ၊ အပေါ်ထပ်ကို သွားရအောင်"

မစ္စတာလီပင်းက ဝမ်းသာအားရဖြင့် ထလိုက်လာသည်။

"ဟိုရောက်ရင် ပစ္စည်းနဲ့ ပတ်သက်ပြီး လုံးဝမှတ်ချက်မပေးပါနဲ့ ထောင်ကဲ၊ ဒီလူ့အကြောင်း ကျွန်တော် သိလို့ပါ"

"အေးလေ... မင်း သဘောပဲ"

သူတို့နှစ်ဦးသား ဓာတ်လှေကားဖြင့် တက်လာခဲ့ကြသည်။ သူတို့ ရှာရမည့်အခန်းမှာ မဝေးလှချေ။ ဧည့်ကြိုကောင်လေးတစ်ယောက်က လာရောက်ကြိုဆို၍ ခေါ်ယူသွားပါသည်။ သူတို့ စင်္ကြံအတိုင်း လျှောက်လာစဉ်မှာပင် မျက်နှာချင်းဆိုင်မှ အနောက်နိုင်ငံသား နှစ်ဦးနှင့် ကိုခင်မောင်တို့ လျှောက်လာသည်ကို တွေ့ရသဖြင့် ကိုဇော်မင်းက ခေါင်းညိတ်ရုံမျှ နှုတ်ဆက်ဖြစ်သည်။ ကိုခင်မောင်ကတော့ မစ္စတာလီပင်းကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွား

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ကိုဇော်မင်းအတွက် အားကျဝမ်းသာသော အကြည့်ဖြင့် နှုတ်ဆက်တုံ့ပြန်လိုက်ပါသည်။

ကိုခင်မောင်က ဓာတ်လှေကား စောင့်ရင်း သူ့ဝယ်လက်နှစ်ဦးကို ပြောပြလိုက်သည်။

"ရှန်ဟိုင်းက ရတနာကျားမင်းဆိုတာ စောစောက တရုတ်ပဲ"

"ဘုရားရေ... သူလား"

တစ်ယောက်က နောက်သို့ လှမ်း၍ကြည့်သည်။

"ဒီပစ္စည်းတော့ ပါသွားတော့မှာ သေချာတယ်"

ကိုခင်မောင်က သေချာသော မှတ်ချက်ကို ပြုသည်။ ကျန်တစ်ယောက်က သူ့နဖူးကို သူ ရိုက်ရင်း-

"ငါ ငတုံးပဲ၊ ဈေးမဆစ်မိရင် ကောင်းသား၊ ငါ ငတုံးပဲ"

"ကျွန်တော် ပြောသားပဲ၊ ဝယ်လိုက်ပါဆိုတာ၊ ခင်ဗျားက လက်မခံဘဲဟာ၊ ပြီးတော့ ဒီလူက နှစ်ခါပြန်ကြည့်ခွင့်ပေးတဲ့လူ မဟုတ်ဘူး၊ မိနစ် ၃၀ တောင် ခင်ဗျားတို့ အခွင့်အရေး ရခဲ့ပြီးပြီ"

"ဘုရားရေ... ငါ ငတုံးပဲ"

ထိုစကားကို ကိုခင်မောင် မကန့်ကွက်လိုတော့။ သူတို့ တကယ့်ကျောက်တစ်လုံးကို ဆုံးရှုံးခဲ့ရလေပြီ။ လက်ဦးမှု ရခဲ့ပါလျက် လောဘဇောဖြင့် ဈေးဆစ်မိသောကြောင့် ယခု ဆုံးရှုံးရလေပြီကိုး။ ရှန်ဟိုင်းမှ ရတနာကျားမင်းခေါ် မစ္စတာလီပင်းကို သူ သိသည်။ အဝယ်ရဲသလို၊ ကမ္ဘာ့သူကြွယ်များ၊ မင်းစိုးရာဇာများထံသို့ ပေါက်ရောက်သည့် ဈေးကွက်များစွာ သူ့မှာ ရှိနေသည်။ ဘယ်သူကြွယ်က ဘယ်လိုရတနာကို ကြိုက်နှစ်သက်သည်ကို ခရေစေ့တွင်းကျ သိထားသူ။ ကမ္ဘာအနှံ့အပြား လက်တံရှည်လှသူမို့ ယနေ့လည်း ထိုကျောက်မျက်ရတနာသည် သူ့အတွက် စောင့်ဆိုင်းနေခြင်း ဖြစ်တော့မည်။

"မင်းတော့ အရှုံးသမားပဲ"

ကိုခင်မောင်က မိမိဘာသာ တီးတိုးရွတ်ဆိုလိုက်ပါသည်။

"သူက မင်းသူငယ်ချင်း မဟုတ်ဘူးလား"

တစ်ယောက်က မျှော်လင့်ချက်လေး ထား၍ ကိုခင်မောင်အား မေးခွန်းထုတ်လာသည်။ လူယုံတော်ကို ရည်စူးနေခြင်းပင်-

mgyoe.com

mgyoe.com SAMPLE BOOK


"ဟုတ်တယ်လေ၊ ဒါကြောင့် ခင်ဗျားတို့ ပထမဆုံး တွေ့ခွင့်ရတာ ပေါ့"

သူ့အဖြေစကားကြောင့် သူတို့နှစ်ဦး ထပ်မံ၍ ဘုရားတ,လိုက်ပါတော့သည်။ ကိုခင်မောင်က-

"ဘုရားသခင်ကို တ,မနေပါနဲ့ဗျာ၊ ဘုရားသခင်သာဆို ဝယ်ပြီး လောက်ပြီ၊ ခင်ဗျားတို့သာ မဝယ်ခဲ့တာ"

သူတို့ စာတ်လှေကားထဲသို့ ရောက်သွားချိန်မှာပင် ကိုဇော်မင်းနှင့် မစ္စတာလီပင်းတို့ ပတ္တမြားရတနာကို စတင်ကြည့်ရှုနေတော့သည်။ တိတ်ဆိတ်နေသော အခန်းလေးသည် ပို၍တိတ်ဆိတ်လာသည်။ မစ္စတာလီပင်းက ကျောက်ကြည့်စာတ်မီးလေးကို ဖွင့်ချည်၊ ပိတ်ချည်ဖြင့် တစ်မျိုး၊ မှန်ဘီလူးဝိုင်းလေးဖြင့် တစ်မျိုး၊ အနုစိပ်၍ အကဲဖြတ်နေတော့သည်။ ကိုဇော်မင်းထံမှ တံတွေးမျိုချသံက လှိုက်ခါ၍ ထွက်လာသည်။ သူတို့ရှေ့တွင် ထိုင်နေသော ပိုးလုံချည် ခဲရောင်၊ စတစ်ကော်လံ အဖြူနှင့်၊ ပါဝါမျက်မှန်ကိုင်းသေးလေးကို တပ်ဆင်ထားသည့် အသက်လေးဆယ်ဝန်းကျင် လူယုံတော်က သူ့လက်ခလယ်တွင် ဝတ်ဆင်ထားသည့် ကျောက်စိမ်းမောင်းကွင်းလေးကို သူ့ဘာသာ လှည့်ရင်း အကဲခတ်နေသည်။ အမျိုးသမီးတစ်ဦးက အခန်းဝ၌ ကော်ဖီပန်းကန် သုံးစုံဖြင့် အသင့်ပြင်ထားသည့် လင်ပန်းကို ကိုင်ရင်း စောင့်နေသည်။ လုပ်ငန်းကာလအတွင်း ရေမျှပင် မချပေးရဟူသော ဥပဒေသကို လည်းကောင်း၊ မည်သည့်စကားမှ မပြောရဟူသော ဥပဒေကို လည်းကောင်း အမျိုးသမီးက ကောင်းစွာသဘောပေါက်ထားပြီးပြီ။

မစ္စတာလီပင်းက ပတ္တမြားရတနာကို တယုတယပင် ကတ္တီပါဖဲပြားစပေါ်သို့ ပြန်တင်လိုက်သည်။ ထို့နောက် ကိုဇော်မင်းကို ကြည့်နေသည်။ ကိုဇော်မင်းလည်း ပြန်၍ ကြည့်နေသည်။ ကိုဇော်မင်း၏ ရင်ခုန်သံများကို ကျန်နှစ်ဦးစလုံး ကြားလောက်ပေမည်။ မစ္စတာလီပင်းက အကြည့်များကို သူ့လက်ဖဝါးဆီသို့ လွှဲလိုက်သဖြင့် ကိုဇော်မင်း လိုက်၍ ကြည့်နေမိသည်။ မစ္စတာလီပင်းက သူ့ညာဘက်လက်ကို ဆုပ်လိုက်၊ ဖြန့်လိုက် ပြုနေပြန်၏။ မိနစ် ၃၀ သည် စက္ကန့်ပိုင်းမျှသာ လိုပါတော့သည်။ အမျိုးသမီးထံမှ ကော်ဖီပန်းကန်ထဲသို့ နှပ်ထားသော ကော်ဖီငွေ့သံကို ကြားနေရသည်။ ကိုဇော်မင်း အကြည့်များက မစ္စတာလီပင်း၏ ညာဘက်လက်ဆီမှ မရွေ့။ စက္ကန့်များက တရွေ့ရွေ့ ချီတက်

mgyoe.com